လူ ၁၀၀ မှာ ၁၁ ယောက်နှုန်း

ဆီးချိုရောဂါ

ဖြစ်ပွားနေတဲ့ကချင်ပြည်နယ်

စာ .. ၁၀ သို့ »

ငှက်ပျောကားတွေကြောင့်

သွားလာရခက်ခဲနေတဲ့

ဝိုင်းမော်ဒေသခံတွေ

စာ .. ၁၂ သို့ »

မြစ်ကြီးနားအကျဉ်းထောင် ဆူပူမှုနှင့် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်နှင့်ပတ်သက်၍ မြစ်ကြီးနားအကျဉ်းထောင်တွင် ၁၈ နှစ်ကြာဝင်ထွက်သွားလာကာသာသနာပြုလုပ်နေသူ

ဆရာအင်ဒိန်အဂျာ၏ ပြောပြချက်

စာ .. ၆ သို့ »



# မြစ်ကြီးနားသတင်း ဂျာနယ်

®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၅) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( မေ ၁၃ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## မြစ်ကြီးနားထောင် ဆူပူမှုသည် ထောင်တွင်းစီမံအုပ်ချုပ်မှု အားနည်းခြင်းကြောင့် ဟု

# လူမှုရေးဝန်ကြီးသုံးသပ်

မေ ၁၀

**မြစ်**ကြီးနား အကျဉ်းထောင် ဆူပူမှုဖြစ်ပွားခဲ့ခြင်းသည် ထောင်တွင်းအုပ်ချုပ်ရေးနှင့် စီမံကွပ်ကဲမှု အားနည်းခြင်းကြောင့်ဟု ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

မေလ ၉ ရက်နေ့ နံနက်ပိုင်းမှ စတင်ကာ ညပိုင်းအထိ မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသားများ ဆူပူမှု ဖြစ်ပွားခဲ့ခြင်းအပေါ် လူမှုရေးဝန်ကြီးဦးနေဝင်းက မေလ ၁၀ ရက်နေ့က မီဒီယာများနှင့်တွေ့ဆုံစဉ် ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"အကျဉ်းသား တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ထောင်ထဲမှာ ဆူပူမှုဆိုတာတော်တော်မလွယ်တဲ့ကိစ္စပဲ။ ဖြစ်တယ်ဆိုတာက အုပ်ချုပ်ရေးဘက်က စီမံကွပ်ကဲရေးဘက်က လိုအပ်တယ်လေ။ သူတို့ ခံစားချက်တွေက ကျွန်တော်တို့ ဘာမှမပြောလိုဘူး။ တကယ်ဆို ထောင်ထဲမှာ အကျဉ်းသားတွေရပိုင်ခွင့် မရရင်က သူတို့က ပြောမှာပဲလေ။ ဥပမာ တစ်ပတ်တစ်ခါ အသားကျွေးတယ်။ အသားကအရိုးတွေချည်းပဲလား။ အဆီတွေပဲလား။ သူ့အချိန်နဲ့သူပေါ့။ ရေ ကောင်းကောင်းမွန်မွန်ချိုး ရရဲ့လား။ ဒီ အခွင့်အရေးတွေ မရလို့ရှိရင် တစ်မျိုးပေါ့"ဟု ဦးနေဝင်းက ပြောသည်။

မြစ်ကြီးနားထောင် အတွင်းသို့ ၁၈ နှစ်ကြာ ဝင်ထွက်သွားလာကာ သာသနာပြုလုပ်နေသူ ဆရာအင်ဒိန်အဂျာက ထောင်ဆူရ

> "စိစစ်မှုပိုင်း ဆိုင်ရာမှာ အားနည်းတဲ့ကဏ္ဍ အပိုင်းတွေကြောင့်ပဲ"

စာ .. ၂ သို့ »




မြစ်ကြီးနားအကျဉ်းထောင်မှ ဆန္ဒပြနေသူများကို အကြမ်းမဖက်ဖို့ အကျဉ်းသားမိသားစုဝင်များ အကျဉ်းထောင်ရှေ့တွင် တောင်းဆိုနေပုံ



ခြင်းအကြောင်းမှာ လွတ်ငြိမ်း သက်သာခွင့်ပေးသည့် သမ္မတ၏အမိန့်သည် ဖြောင့်တန်းသော်လည်း အကျဉ်းသားများကို လွှတ်ပေးရာ၌ စိစစ်မှုပိုင်းဆိုင်ရာတွင် အားနည်းသည့် ကဏ္ဍကြောင့် ယခုကဲ့သို့ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ပြောသည်။

“စိစစ်မှုပိုင်း ဆိုင်ရာမှာ အားနည်းတဲ့ကဏ္ဍ အပိုင်းတွေကြောင့်ပဲ ဒီလိုကျန်ရှိသွားတဲ့သူတွေ အကျဉ်းထောင်အသီးသီးမှာ များတဲ့အချိန်ကျတော့၊ နိုင်ငံတော် လွှတ်ငြိမ်းသက်သာခွင့်ဟာ မျှတမှုမရှိဘူးဆိုပြီး ခံစားချက်အပေါ်မှာ အခြေပြုပြီးမှ အကျဉ်းထောင်တွေ အသီးသီး လိုက်စားပြီး ဒါဖြစ်လာတာပါ။ အဖြေက အဲ့ဒါပါပဲ”ဟု ဆရာအင်ဒိန်အဂျာက ပြောသည်။

မြစ်ကြီးနား အကျဉ်းထောင်မှ အကျဉ်းသားများက တန်းတူညီမျှ လွတ်ငြိမ်းသက်သာခွင့်ပေးရေး အပါအဝင် အချက် ၄ ချက်ကို ဆန္ဒပြ တောင်းဆိုခဲ့ကြခြင်းလည်း ဖြစ်သည်။

တောင်းဆိုသည့်အချက် ၄ ချက်မှာ တန်းတူအခွင့်အရေးရရှိရေး၊ ဝန်ကြီးချုပ်နှင့် တွေ့ခွင့်ပေးရေး၊မီဒီယာများနှင့် တွေ့ခွင့်ပေးရေး၊ လူ့အခွင့်အရေးကောင်စီနှင့် တွေ့ခွင့်ပေးရေး စသည့် အချက်များကို ဆန္ဒပြတောင်းဆိုခဲ့ကြခြင်း ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းမှ ပြောသည်။

“လွတ်ငြိမ်းချမ်းသာခွင့်မှာ တချို့က ပါတယ်။ တချို့ကမပါဘူး။ ဘာကြောင့် မရတာလဲပေါ့။ ဆိုတာကို မီဒီယာတွေကတစ်ဆင့် ပြောချင်တာ”ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အကျဉ်းသူ/သားများ တောင်းဆိုသည့် အချက် ၄ ချက်အပေါ် ဆရာအင်ဒိန်အဂျာက ယခုကဲ့သို့ မြစ်ကြီးနား သတင်းဂျာနယ်သို့ ရှင်းပြပြောဆိုသည်။

“သူတို့ တောင်းဆိုတဲ့ ၄ ချက်မှာ နိုင်ငံတော်ရဲ့ လွှတ်ငြိမ်းသက်သာခွင့် မျှမျှတတဖြစ်ဖို့ ဆိုတဲ့တောင်းဆိုချက်က အဓိက ဖြစ်ပါလိမ့်မယ်။ မီဒီယာနဲ့ တွေ့ချင်တယ်ဆိုတဲ့ဟာလည်း သူတို့အတွက် save တစ်ခုယူတာရယ်၊ သူတို့ ပြောချင်တဲ့ဟာတွေကို လူထုကို သိစေချင်တယ်။ အားလုံးကို ပွင့်လင်းမြင်သာရှိစေချင်တဲ့ ကဏ္ဍအပိုင်းဖြစ်ပါလိမ့်မယ်။ လူ့အခွင့်အရေးကော်မရှင်နဲ့ တွေ့ချင်တယ်ဆိုတဲ့ဟာက ထောင်ထဲမှာက ဥပဒေတွေက မမျှမတနဲ့ တရားရုံးတော်က လုပ်ထားတဲ့ တရားရေး မဏ္ဍိုင်ယိမ်းယိုင်မှုပိုင်းကနေ စီရင်ချက်ချထားတဲ့အပိုင်းတွေကလည်း အများကြီးရှိနေတာကို”ဟု ဆရာအင်ဒိန်အဂျာက ပြောသည်။

ဆူပူမှု ဖြစ်ပွားသည့်နေ့က ရဲတပ်ဖွဲ့ဝင်များက လုံခြုံအရ လာရောက်တာဝန်ယူမှုမျိုးရှိခဲ့ပြီး အကြမ်းဖက်ခြင်းမရှိခဲ့ကြောင်း တောင်းဆိုသည့်အချက်များ ရရှိရန်သာ ဆန္ဒပြခဲ့ကြကြောင်းနှင့် တောင်းဆိုချက်တွင် ပါဝင်သည့် ဝန်ကြီးချုပ်နှင့် တွေ့ဆုံလိုသည့် အချက်ကို ဆရာအင်ဒိန်အဂျာက ထပ်မံရှင်းပြပြောဆိုသည်။

“ဝန်ကြီးချုပ်နဲ့ တွေ့ချင်တယ်ဆိုတာက ဝန်ကြီးချုပ်က သူတို့ဆန္ဒ တောင်းဆိုမှုတွေကို ဆင့်ကဲဆင့်ကဲတင်ပြပြီးမှ ဆောင်ရွက်ပေးစေချင်တယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုပေါ့ တာဝန်ခံပေးနိုင်တဲ့သူနဲ့ တွေ့ဖို့က လိုအပ်တယ်။ ဒီသဘောပါပဲ။ ဒီနေ့မှာကို ဝန်ကြီးချုပ်က သွားရောက်ပြီးမှ တာဝန်ယူပြီး စိစစ်ပြီးတော့ ဆောင်ရွက်ပေးပါ့မယ်ဆိုပြီးမှပြောရင် ပြီးပါတယ်။ ကျွန်တော်တို့က ထောင်သာသနာ လုပ်နေတာလည်း ၁၈ နှစ်ရှိပြီ။ ထောင်ဝင်ထွက်နေတာ ကျွန်တော်တို့လည်း လိုက်သွားပြီး ဘာသာရေးရှုထောင့်အပြောဆိုရင် အများကြီး ငြိမ်သက်သွားနိုင်ပါတယ်။ သူတို့အနေနဲ့လည်း ဘာမှ မပြောလာတော့ ကျွန်တော်တို့လည်း ဝင်လုပ်လို့မရဘူးလေ”ဟု ၎င်းက ရှင်းပြပြောဆိုသည်။

အကျဉ်းထောင်များ ဆူပူမှုနှင့်ပတ်သက်၍ နိုင်ငံတော် သမ္မတရုံးက မေလ ၉ ရက်နေ့တွင် ပြန်တမ်းထုတ်ပြန်ခဲ့ပြီး အကျဉ်းထောင်များ ဆူပူမှုသည် ချိတ်ဆက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ ရှိနေသည်ဟု သံသယကာ အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်ရန် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော် သမ္မတရုံးက ထုတ်ပြန်ချက်၌ အကျဉ်းထောင် ဆူပူမှုများတွင် အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသားများ၏ တောင်းဆိုချက်များမှာ တစ်သဘောထားသည် ဖြစ်နေပြီး အချို့မှာ ထပ်တူတပ်မျှဖြစ်နေ

စာ .. ၆ သို့ »

PYINNYA MOE PNM EDUCATION CENTRE

# ပညာမိုး အဆင့်မြင့် ကိုယ်ပိုင်သင်တန်းနှင့်ဘော်ဒါ

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်

၅ တန်းမှ ၁၀ တန်းအထိ

ဂီတ ကို ချစ်မြတ်နိုးခံစားတတ်လာပြီး စိတ်နှလုံးနူညံ့သိမ်မွေ့ယဉ်ကျေးလာစေဖို့ အခြေခံ Music ဂီတသင်တန်း
နည်းပညာခေတ်မှာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကွန်ပျူတာသင်တန်း
ကိုယ်၊ စိတ်၊ နှလုံးကျန်းမာဖို့ ဘောလုံးအားကစားအခြေခံပညာတို့ကို သင်ကြားလေ့ကျင့်ပေးသွားပြီး
အင်္ဂလိပ်ဘာသာစွမ်းဆောင်ရည်မြင့်အောင် အင်္ဂလိပ်သီချင်းများ နားထောင်စေပြီး Listening သင်ကြားပေးခြင်း
Speaking မှန်မှန်ကန်ကန် စနစ်တကျ ကောင်းမွန်စွာ ပြောဆိုနိုင်အောင်သီးသန့်သင်ကြားချိန်ထား၍ သင်ကြားလေ့ကျင့်ပေးခြင်း၊
အသက်ငယ်စဉ်မှ စာဖတ်ဝါသနာပါစေဖို့ပညာမိုးစာကြည့်တိုက်တွင် Reading Class ထားရှိပေးခြင်း၊
Essay writing , Letter writing , Creative writing စတဲ့ စာရေးနည်းတွေကို ကလေးတွေကိုယ်တိုင်အမှန်တကယ် စနစ်တကျရေးတတ်ဖို့ သင်ကြားပေးပြီး အလွတ်ကျက်ပညာရေးစနစ် မဟုတ်ပဲ သင်ရိုးနှင့်အညီ လက်တွေ့ကို အခြေခံတဲ့ သင်ကြားရေးစနစ်နဲ့ သင်ကြားပေးသွားပါမည်၊



မောင်ဆိုင်းထွယ်အောင် (သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)



မဂျာဆိုင်းအောင် (မြန်မာ၊ဓာတု၊ဇီဝ)



မထက်ထက်ဝင်း (မြန်မာ၊သင်္ချာ၊ရူပ)



မဆိုင်းမိုင် (ဇီဝ)

၂၀၁၉-၂၀၂၀ ပညာင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် တန်းခွဲများ

၁၊ ၉တန်း အထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀)ဦးသာ)
၂၊ ၁၀တန်း ရှယ်ဝိုင်း (ကန့်သတ်ဦးရေ (၁၅)ဦးသာ)
၃၊ ၁၀တန်း အထူးတ်းခွဲ (ကန့်သတ်ဦးရေ (၄၀)ဦးသာ)
၄၊ ၁၀တန်း နှစ်ကျတန်းခွဲ (ကန့်သတ်ဦးရေ (၃၀) ဦးသာ)
၅၊ ၈တန်းအထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀) ဦးသာ)

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အစိုးရကျောင်း နှစ်သက်ရာ တက်ရောက်သင်ကြားနိုင်သည်။

(၅) တန်းမှ (၈) တန်းအထိ

ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် Laptop ကွန်ပျူတာ တစ်လုံးစီဖြင့် ကွန်ပျူတာပညာအခြေခံမှစ၍တတ်ကျွမ်း သည်အထိ သင်ကြားပေးမည်၊
သင်ကြားမှု အတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီး၊ ဆရာမကြီးများဖြင့် ညံ့သောသူကို တော်စေ၍ တော်သောသူကို ထူးချွန်အောင် သင်ကြားလေ့ကျင့်ပေးမည်၊

(၁၀) တန်း ရှယ်ဝိုင်း

တန်းခွဲ (၂) စတင်လက်ခံနေပြီ၊

ဝန်ဆောင်မှုနှုန်းထားများ

➢ ၅ တန်း မှ ၈ တန်းအထိ - ၁၃ သိန်း
➢ ၉ တန်း - ၁၄ သိန်း
➢ ၁၀ တန်း - ၁၆ သိန်း





မောင်လီတား (သင်္ချာ၊ရူပ)

တည်နေရာ – အမှတ်(၂၇)၊ရန်ကြီးအောင်(လင်းရောင်ခြည်ရပ်ကွက်)၊အထက(၈)ကျောင်းနှင့်ဆောက်လုပ်ရေးတိုက်တန်းကြားလမ်း၊မြစ်ကြီးနားမြို့။
ဖုန်း – ၀၉–၇၆၀၆၈၀၁၃၄၅၊ ၀၉–၄၃၁၃၁၃၅၄၉၊ ၀၉–၄၀၀၀၁၄၀၇၉၊ ၀၉–၇၇၅၈၀၈၇၈၃

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် MGL အမြန်ချောပို့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲ ကျင်းပ



မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် MGL Express ပြည်တွင်းပြည်ပ အမြန်ချောပို့လုပ်ငန်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်သုံးစွဲထားသူတို့၏ အလေ့အထ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်နိုင်ပုံနည်းလမ်းများ စသည့် အကြောင်းအရာများကို MGL ဝန်ထမ်းများ သိရှိစေရန် ရန်ကုန်မြို့ Summit Parkview Hotel ၌ မေလ ၅ ရက်နေ့တွင် ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ထိုဟောပြောပွဲတွင် ရန်ကုန်နှင့် အောက်မြန်မာပြည် မြို့ပေါင်း(၄၀) နီးပါးမှ MGL ဝန်ထမ်း (၁၁၀)ကျော်ကို မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (၄၂)ရန်ကုန်(နောက်)မှ ရဲမှူးဦးအုန်းခိုင် လာရောက်ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။

သင်တန်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မိမိတို့ MGL Express Network ကို အသုံးချပြီး မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းကို မလုပ်နိုင်ကြစေရန်၊ မိမိတို့ MGL ဝန်ထမ်းများ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အချက်အလက်များကို သိရှိနားလည်စေရန်၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ မသင်္ကာဖွယ်ရာများကို တွေ့ရှိပါက ကာကွယ်တားဆီး သတင်းပို့တတ်စေရန် ရည်ရွယ်သည်ဟု MGL ပြည်တွင်းပြည်ပ အမြန်ချောပို့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

MGL အမြန်ချောပို့လုပ်ငန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း၏ အသိအမှတ်ပြု တရားဝင် ပြည်တွင်းပြည်ပ အမြန်ချောပို့လုပ်ငန်းဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း (၁၂၆) မြို့တွင် ကိုယ်ပိုင်ရုံးခွဲများ ဖွင့်လှစ်၍ မြို့ပေါင်း(၂၀၀) ခန့်သို့ ပြည်တွင်းပြည်ပ ချောစာချောထုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ပို့ဆောင်ပေးနေကြောင်း သိရှိရသည်။ ဝန်ဆောင်မှုများ အနေဖြင့် နေ့ချင်းရောက်၊ ယနေ့ပို့မနက်ဖြန်ရောက်နှင့် မြို့အနီးအဝေးပေါ် မူတည်၍ နှစ်ရက်မှ သုံးရက်အတွင်း ရောက် စနစ်များဖြင့် လိပ်စာအတိုင်း အိမ်တိုင်ရာရောက် စနစ်ဖြင့် ဝန်ဆောင်မှု ပေးနေကြောင်း သိရှိရသည်။

ပြည်ပဝန်ဆောင်မှု အဖြစ်ကမ္ဘာ့နိုင်ငံပေါင်း(၁၅၀) ကျော်သို့ ဝန်ဆောင်မှုများ ပေးနေပြီး ဂျပန်၊ ဟောင်ကောင်၊ စင်္ကာပူ၊ ကိုးရီးယားနိုင်ငံများသို့ ယနေ့ပို့ မနက်ဖြန်ရောက်နှင့် ကျန်နိုင်ငံများသို့နှစ်ရက်မှတစ်ပတ်အတွင်းရောက် စနစ်ဖြင့် ပို့ဆောင်ပေးနေကြောင်း သိရှိရသည်။

ထို့အပြင် Online Shopping ရောင်းချသူများအတွက် အထူးသက်သာသောနှုန်းဖြင့် ပို့ဆောင်ပေးပြီး ရောင်းချပစ္စည်းများအတွက် ငွေကောက်ပေးခြင်း (Cash On Delivery)၊ သတ်မှတ်ရက်အတွင်း ကောက်ခံငွေများကို ပြန်လည်ရှင်းပေးခြင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးနေကြောင်း သိရှိရသည်။ ■









မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# လီဆူ တိုင်းရင်းသားများက ကေအိုင်အေကို ဆန္ဒပြပွဲ ပြုလုပ်မည်




မေ ၁၀

**မြစ်**ကြီးနားမြို့၌ လာမည့် မေလ ၂၇ ရက်နေ့တွင် ကချင် လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို/ ကေအိုင်အေ)ကို ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ရှမ်းမျိုးနွယ်စုများလည်း ပါဝင်မည် ဖြစ်သည့်အပြင် ကေအိုင်အို/ ကေအိုင်အေ၏ အနိုင်ကျင့်မှုကို ခံခဲ့ရသော တိုင်းရင်းသား တချို့လည်း ပါဝင်မည်ဖြစ်ကြောင်း ဦးရွှေမင်းက ပြောသည်။

"လောလောဆယ်တော့ ရှမ်းမျိုးနွယ်စုရယ်၊ လီဆူရယ် ပါလိမ့်မယ်။ ပြီးရင် လော်ဝေါ်၊ လာချိတ်တွေလည်း ပါလာဖို့ အလားအလာ ရှိတယ်။ ဒါပေမဲ့ ဒါကို တိတိကျကျ ပြောဖို့တော့ ခက်ပါသေးတယ်။ တခြားလူမျိုးတွေလည်း ကေအိုင်အေရဲ့ လုပ်ရပ်ကို မခံမရပ်နိုင်တဲ့သူတွေလည်း ပါလာပါလိမ့်မယ်"ဟု ၎င်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ကေအိုင်အို/ ကေအိုင်အေ အဖွဲ့ကို အချက် ၄ ချက် တောင်းဆိုသွားမည် ဖြစ်ရာ တောင်းဆိုသည့် အချက် ၄ ချက် အနက်မှ အရေးကြီးဆုံး အဓိကအချက် နှစ်ချက်ကို ရရှိလျှင် ကျန်အချက် နှစ်ချက်ကို ညှိနှိုင်းဖြေရှင်းသွားနိုင်သည်ဟုလည်း ဦးရွှေမင်းက ပြောသည်။

"အဓိက တောင်းဆိုမှာကတော့ တစ်အချက်က လီဆူလူမျိုးများကို မတရားညှဉ်းဆဲဖမ်းဆီး သတ်ဖြတ်ခဲ့ခြင်းများအပေါ် ကေအိုင်အို/ကေအိုင်အေမှ တရားဝင် တောင်းပန်စာ (သို့မဟုတ်) ထုတ်ပြန်ကြေညာချက်ကို အတိအလင်းလုပ်ပေးရမယ်။ (၂)အချက်က နောက်နောင် လီဆူလူမျိုးများကို မတရားဖမ်းဆီးနှိပ်စက်မှုများကို မပြုလုပ်ဖို့ ကေအိုင်အို/ ကေအိုင်အေဗဟိုကနေ တာဝန်ယူပါတယ်ဆိုတဲ့ ကတိကဝတ်ပြုချက်စာလေး ကျွန်တော်တို့ လိုချင်ပါတယ်။ ထုတ်ပြန်ကြေညာချက်လေး လိုချင်ပါတယ်။ အဓိက အဲ့ဒီ နှစ်ချက်ကိုရရင် ကျန်တဲ့ကိစ္စများဟာ ဆွေးနွေးသွားနိုင်တဲ့ အခြေအနေရှိပါတယ်။ ကျန်တဲ့ နံပတ်(၃)အချက် ဖြစ်တဲ့ သတ်ဖြတ်ခံခဲ့ရတဲ့ မိသားစုဝင်များရဲ့ နစ်နာကြေးနဲ့ သူတို့ရဲ့ ဘာသာရေးအရသော်လည်းကောင်း၊ လူမျိုးရေး ရိုးရာ ဓလေ့အရ သော်လည်းကောင်းပြုလုပ်မယ့် လူမှုရေးကိစ္စရပ်တွေကို ဆောင်ရွက်ပေးရမယ်။ (၄)အချက်ကတော့ အတင်းအဓမ္မ လူသစ်စုဆောင်းပြီး ငွေညစ်ခြင်းမျိုးကို မပြုလုပ်ဖို့ ဒီ ၄ ချက်ကို တောင်းဆိုထားပါတယ်" ဟု ဦးရွှေမင်းက ရှင်းပြပြောဆိုသည်။

မိမိတို့အနေဖြင့် ကေအိုင်အို/ကေအိုင်အေ အဖွဲ့ကို အမုန်းထားကာ ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ခြင်း မဟုတ်ဘဲ မိမိတို့လူမျိုးစုများအပေါ် နိုင်ထက်စီးနင်း ပြုကျင့်နေမှုများကို မခံမရပ်နိုင်သည့်အတွက် ပြုလုပ်ရခြင်း ဖြစ်သည့်အတွက် ကေအိုင်အို/ကေအိုင်အေ (ဗဟို)အနေဖြင့် မိမိတို့ တောင်းဆိုချက်များကို လိုက်လျော ဆောင်ရွက်ပးရန် တိုက်တွန်း တောင်းဆိုလိုသည်ဟု ဦးရွှေမင်းက ပြောသည်။


"လိုက်လျောဆောင်ရွက်ပေးသွားမယ်ဆိုရင် ဒီမီးဟာ ငြိမ်းသွားနိုင်တယ်။ လီဆူလူမျိုးနဲ့ ကေအိုင်အေကြားမှာလည်း အမုန်းတရားတွေ ငြိမ်းသွားမှာ ဖြစ်ပါတယ်"ဟု ဦးရွှေမင်းက ဆိုသည်။

လီဆူတိုင်းရင်းသားများက ကေအိုင်အို/ကေအိုင်အေကို ဆန္ဒထုတ်ဖော်မည့် အစီအစဉ်သည် ဒုတိယအကြိမ်မြောက် ဖြစ်မည်ဖြစ်ပြီး လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် မေလ ၂၂ ရက်နေ့ကလည်း မြစ်ကြီးနားမြို့တွင် တစ်ကြိမ်ပြုလုပ်ခဲ့ကြသည်။

ပြီးခဲ့သည့် ဧပြီလ ၂၉ ရက်နေ့ကလည်း မြစ်ကြီးနားမြို့ရှိ Cartel ဟိုတယ်တွင် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် မြန်မာပြည်မြောက်ပိုင်း သျှမ်းမျိုးနွယ်စုရေးရာအဖွဲ့တို့ ပူးပေါင်းကာ မိမိတို့မျိုးနွယ်စုပြည်သူများအပေါ် မတရားဖမ်းဆီးညှဉ်းပန်းနှိပ်စက် အကြမ်းဖက် သတ်ဖြတ်ခြင်းကို ဆန့်ကျင်ရှုတ်ချကြောင်း သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။ ■

Salai

# ခေါင်လန်ဖူးသွားလမ်း မြေပြိုကျမှုတွင် ဒေသခံနှစ်ဦးသေဆုံး



မေ ၄

**ပူ**တာအိုခရိုင်တွင် မိုးဆက်တိုက် ရွာသွန်းခဲ့မှုကြောင့် နောင်မွန်-ခေါင်လန်ဖူးလမ်း၊ ဆန်းလွတ်ချက်တောင် ၆၄ မိုင်အလွန်တွင် မေလ ၂ ရက်နေ့ နေ့လည် ၁၁း၀၀ အချိန်က မြေပြိုမှုဖြစ်ပွားကာ လူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပြိုကျသည့်လမ်းမှာ ဆန်းလွတ်ချက်တောင်မှ အဆက် ဖောက်လုပ်နေသည့် နေရာတွင်ဖြစ်ပြီး မတ်စောက်သည့် တောင်စောင်း/ ကျောက်တောင်နေရာတွင် တောင်ကြောကို ဖောက်ပြီး ပြုလုပ်နေသည့်နေရာလည်း ဖြစ်သောကြောင့် မြေစာများ သဖြင့် ပြိုကျခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံးသူများမှာ ကိုခေါင်ဒီး(အသက် ၂၈နှစ်)နှင့် ကိုခေါင်ခင်(အသက် ၂၆ နှစ်)တို့ဖြစ်ကြောင်း သိရပြီး ခေါင်လန်ဖူးပြန်သည့် ညီအစ်ကိုလေးယောက် အနက် နှစ်ယောက် ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်ကြောင်း သိရသည်။

၎င်းတို့မှာ ထီဝမ်ကန်ကျေးရွာမှဖြစ်ပြီး တစ်ဦးမှာ အလောင်းပင် ရှာမတွေ့သေးဘဲ တစ်ဦး၏အလောင်းကိုမူ ချောင်းထဲတွင် တွေ့ခဲ့ရကြောင်း၊ ကျန်နှစ်ဦးမှာလည်း တစ်ဦးနံရိုးကျိုးပြီး တစ်ဦး လက်ကောက်အဆစ် ကျိုးသွားခဲ့ကြောင်း၊ ပူတာအို ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ခွဲစိတ်ကုသရန် စက်ကိရိယာ မစုံလင်သောကြောင့် ရန်ကုန်ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူနေရပြီး ဆေးဖိုးဝါးခကို လပြည့်ဝန်းဆောက်လုပ်ရေး ကုမ္ပဏီလုပ်ငန်းမှ ပံ့ပိုးနေကြောင်း သိရသည်။

"ကုမ္ပဏီလမ်း လုပ်နေစဉ် ခရီးသွားပြည်သူများ လုံခြုံမှုရှိအောင် လမ်းလွှဲကို တတ်နိုင်သလောက် စီစဉ်ပေးစေချင်တယ်။ လမ်းလွှဲကို ကောင်းကောင်းလုပ်ပေးခြင်း မရှိဘူး။ လမ်းလွှဲကို ဖြစ်သလို လုပ်ထားတဲ့ အခါကျတော့ ကိုယ်ခန္ဓာ အလွတ်တောင်မှ သွားဖို့မလွယ်ဘူး။ တော်တော် ခက်ခဲတယ်။ တောင်စောင်းမှာ နွယ်ကြိုးတွေကို တွယ်ကပ်ပြီး တက်ရတဲ့အခါကျတော့ အရမ်းစိုးရိမ်ရတယ်။ မြင်းတို့ လားတို့လည်း သွားလို့မရဘူး။ ကုမ္ပဏီကလည်း အဲ့ဒီဘက်မှာ ခရီးသွားသူတွေကို အများကြီးတော့ ကူညီပေးပါတယ်"ဟု ဒေသခံ ဦးချန်းဂျော်ရမ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ခေါင်လန်ဖူးမြို့သည်မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးဖြစ်သည့် နောင်မွန်မှ ခြေလျှင်ခရီးဖြင့် တစ်ပတ်ဆယ်ရက်ခန့် လမ်းလျှောက်ရသည့်မြို့ဖြစ်ပြီး ယခုအခါ ထိုမြို့သို့ ကားလမ်းဖောက်လုပ်နေခြင်း ဖြစ်သည်။ ■

အောင်ခမ်း (ပူတာအို)

## အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များပါဝင်သည့်

# ဘာသာပေါင်းစုံ ဆွေးနွေးပွဲ




မေ ၉

**အ**စိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပါဝင်သည့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲကို နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်တွင် မေလ ၇ ရက်က ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးဝိုင်းခေါင်းစဉ်ဖြင့် မေလ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရခိုင်အရေး၊ ပညာရေး၊ တိုင်းရင်းသားလူနည်းစု အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသမီးရေးစသည့် ကဏ္ဍ ၅ ခုကို ကဏ္ဍခွဲကာ ဆွေးနွေးခဲ့ကြသည်ဟုလည်း ကချင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

"ဆွေးနွေး ဖြစ်ခဲ့တာကတော့ ခုနကပြောတဲ့ ကဏ္ဍ ၅ခုကို အုပ်စုခွဲပြီးမှ ဆွေးနွေးမှုတွေ လုပ်ခဲ့ကြတယ်ဆိုတော့ အဖွင့်နေ့မှာတော့ နိုင်ငံတော် အတိုင်ပင်ခံက မိန့်ခွန်း လာပြောတယ်"ဟု ဒေါက်တာ ခလမ်ဆမ်ဆွန်က ပြောသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စများကို အဓိကဆွေးနွေးခဲ့ကြပြီး အဖွင့်ပွဲနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် လူမျိုးပေါင်းစုံတို့၏ မတူကွဲပြားသည့် ဘာသာအချင်းချင်း အပြန်အလှန်နားလည် ယုံကြည်ထားမှုများထားရှိပြီး တည်ငြိမ်အေးချမ်းသော လူနေမှုဘဝကို မြှင့်တင်ရန်၊ ဘာသာရေးပဋိပက္ခများမဖြစ်ပွားစေရေး ကာကွယ်တားဆီးရန်၊ ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို အပြည့်အဝ ကူညီစောင့်ရှောက်ပြီး ပြန်လည်ထူထောင်ပေးနိုင်ရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ သွန်သင်ဆုံးမချက်များနှင့်အညီ အပြန်အလှန်လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့အပြင် ယခုကဲ့သို့ ဆွေးနွေးပွဲများ အမြဲမပြတ် လုပ်ဆောင်ခြင်းအားဖြင့် ကိုးကွယ်ရာ ဘာသာတူသူများအချင်းချင်း၊ ကိုးကွယ်ရာ ဘာသာမတူညီသော ဘာသာဝင်များအချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်နိုင်ကြစေရန်နှင့် ငြိမ်းချမ်းရေး စိတ်ထားများ ပျံ့နှံ့ကိန်းအောင်းလာစေရန် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းရန်နှင့် မိမိတို့၏ နိုင်ငံတော်ကြီးလည်း အေးချမ်းသာယာပြီး အမြန်ဆုံး ခေတ်မီဖွံ့ဖြိုး တိုးတက်စေကြောင်း ဆုတောင်းစကား ပြောဆိုခဲ့သည်။

ဆွေးနွေးပွဲ၌ ပညာရေးကဏ္ဍတွင် အကြံပြုချက် ၅ ချက်၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ ကဏ္ဍ အကြံပြုချက် ၅ ချက်၊ အမျိုးသမီးများအရေးအတွက် အကြံပြုချက် ၁၁ ချက်၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ရေး ကဏ္ဍ အကြံပြုချက် ၇ချက်၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုကဏ္ဍ အကြံပြုချက် ၇ ချက် ရရှိခဲ့ပြီး ယင်းအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြုလုပ်ခဲ့သည့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲသည် ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလက နေပြည်တော်၌ပင် ကျင်းပခဲ့သည်။ ■

Salai

## သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မြေပိုင်ရှင်များအတွက်

# အစိုးရက နစ်နာကြေးပေး

မေ ၁၀

**မိုး**ကောင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် မိုးရာသီက ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများကို အရေးပေါ် ရန်ပုံငွေမှ ၂,၅၈၀,၀၀၀ ကျပ်ကိုမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးရုံးတွင် မေလ ၉ ရက်က ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်နီကျေးရွာမှ တောင်သူ ၅၄ ဦးပိုင်ဆိုင်သည့် စိုက်ပျိုးမြေဧက ၁၃၀ အတွက် ၁,၃၀၀,၀၀၀ကျပ်၊ ထိုပူးကျေးရွာမှ တောင်သူ ၂၃ ဦးပိုင် မြေ ၁၂၈ ဧကအတွက် ၁,၂၈၀,၀၀၀ ကျပ်ကို တစ်ဧက တစ်သောင်းနှုန်းဖြင့် စုစုပေါင်း တောင်သူ ၇၇ ဦးပိုင် မြေ ၂၅၈ ဧကအတွက် ၂,၅၈၀,၀၀၀ကျပ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိန်လွင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလှမြင့်တို့ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သဘာဝဘေးဒဏ် ခံရမှုများသည် အချိန်အခါမရွေး ဖြစ်ပေါ်တတ်သဖြင့် နိုင်ငံတော်အစိုးရက ဒေသခံတောင်သူများ၏ သီးနှံပျက်စီးဆုံးရှုံးမှုများကို ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဦးလှမြင့်က သီးနှံပျက်ဆီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ မှတ်တမ်း ကောက်ယူခဲ့ခြင်းအကြောင်း ဆွေးနွေးတင်ပြကာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိန်လွင်က ပျက်ဆီးဆုံးရှုံးမှု မြေဧကများကို ပြန်လည် အစားထိုးစိုက်ပျိုး ဆောင်ရွက်နိုင်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ■

မွန်းမွန်းပန်

အယ်ဒီတာ့အာဘော်

Editorial

# အုပ်ချုပ်ရေးနဲ့ အခွင့်အရေး

မေလ ၈-၉ ရက်နေ့တွေက မြစ်ကြီးနား၊ ကလေး၊ ဘားအံ၊ ထားဝယ်၊ သာယာဝတီ၊ ပုသိမ်နဲ့ ရွှေဘိုထောင်တွေမှာ ဆူပူမှုတွေ ဖြစ်ခဲ့ပါတယ်။ မေလ ၇ ရက်နေ့ နိုင်ငံတော်သမ္မတရဲ့ တတိယကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားတွေကို လွှတ်ပေးရာမှာ အခွင့်အရေးတန်းတူ မလွှတ်ပေးဘူးဆိုတဲ့ ခံယူချက်တွေကြောင့်ပါ။

မနှစ်သကြန်အပြီး မြန်မာနှစ်သစ်ကူး အခါသမယမှာ သမ္မတ ဦးဝင်းမြင့်ကနေပြီး လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားပေါင်း ၈၀၀၀ ကျော် လွှတ်ပေးခဲ့တဲ့အချိန် ဘာသံမှ မကြားရပါဘူး။ ထို့အတူ ဒီနှစ် အကျဉ်းသားပေါင်း ၇၀၀၀ နီးပါး လွှတ်ပေးခဲ့ပြန်ပါတယ်။ ပထမအကြိမ် လွှတ်ပေးခဲ့စဉ်နဲ့ ဒုတိယအကြိမ် လွှတ်ပေးခဲ့ချိန်တွေအထိလည်း ဘာသံမှ မကြားရဘဲ ဒီတတိယအကြိမ်မြောက် လွှတ်ပေးချိန်မှာမှ ထောင်တွင်းဆူပူမှုတွေ ဖြစ်လာတာဟာ စဉ်းစားစရာပါ။

ထောင်မှူးကြီးဟောင်း ဦးခင်မောင်မြင့်ရဲ့ ဘီဘီစီနဲ့ တွေ့စဉ် သုံးသပ်ချက်ကတော့ ယခင့်ယခင် သမ္မတတွေက လွတ်ငြိမ်းချမ်းသာခွင့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(ခ)ကို သုံးပြီး ယခုသမ္မတက ပုဒ်မ ၄၀၁(က)ကို သုံးခဲ့ခြင်းရဲ့ အကျိုးဆက်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ပုဒ်မ ၄၀၁(က)သည် သမ္မတက သူ့သဘောနဲ့သူ ဘယ်သူ့သဘောထားမှ တောင်းခံစရာမလိုဘဲ လွတ်ငြိမ်းပေးလို့ရပြီး၊ ၄၀၁(ခ)သည် သမ္မတတစ်ဦးထဲက ဆုံးဖြတ်တာ မဟုတ်ဘဲ ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်သလိုမျိုး သက်ဆိုင်ရာဌာနတွေရဲ့ သဘောထားကို တောင်းခံပြီးမှ လွတ်ငြိမ်းပေးလို့ ရတယ်လို့ ရှင်းပြပါတယ်။

တချို့သူတွေကတော့ ဒီလွတ်ငြိမ်းချမ်းသာခွင့်ကို ဘယ်လို စံသတ်မှတ်ချက်တွေနဲ့ လွှတ်ပေးတယ်ဆိုတာ မသိရကြောင်း ဆိုကြပါတယ်။

ဒါကို နိုင်ငံတော်သမ္မတရုံးရဲ့ သတင်းထုတ်ပြန်ချက်ထဲမှာ ရေးသားဖော်ပြထားတာက သက်ကြီးရွယ်အိုတွေ၊ နာတာရှည် ကျန်းမာရေးမကောင်းသူတွေ၊ အမျိုးသမီးတွေ၊ လူငယ်တွေ၊ မသန်စွမ်းတွေကို ရွေးချယ်ရေးမူဝါဒတွေနဲ့ အညီ စနစ်တကျစိစစ်ပြီး လွှတ်ပေးခဲ့ကြောင်း ဆိုပါတယ်။

ပြစ်ဒဏ်ကာလ မစေ့မီ ကတိခံဝန်ချက်နဲ့ အကျဉ်းသားတွေကို လွှတ်ပေးတာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ကတည်းက နိုင်ငံတကာမှာ ကျင့်သုံးခဲ့တာပါ။ ဒါဟာလည်း အကျဉ်းသားဟာ အခြေခံလူသား ဂုဏ်သိက္ခာအဆင့် တစ်ခုကို ထိန်းသိမ်းထားတဲ့ လူသားတစ်ယောက် ဖြစ်တယ်လို့ ဥပဒေက အသိအမှတ်ပြုထားလို့ပဲ ဖြစ်ပါတယ်။

အကျဉ်းသားတွေဟာ အခြေခံဥပဒေအရ လွတ်လပ်ခွင့်ကို အတိုင်းအတာ တစ်ရပ်အထိတော့ ရရှိနိုင်တယ်လို့ အမေရိကန် တရားသူကြီးချုပ်ဟောင်း ဆန်ဒရာဒေအိုကွန်နာက ဆိုထားပါတယ်။

သို့သော် ဒီနေ့ နိုင်ငံတွင်းထောင်တချို့မှာ ပေးထားတဲ့ အခွင့်အရေးတွေထက် ကျော်ပြီး ဖြစ်လာတဲ့ ဒီထောင်တွင်းဆူပူမှုတွေဟာ တစ်နေ့တည်း ဖြစ်လာတာရယ်၊ တောင်းဆိုတဲ့ အချက်တွေ တူညီနေတာရယ်၊ ထောင်တွင်းစည်းကမ်းအရ သုံးခွင့်မရှိတဲ့ မိုလ်ဘိုင်းဖုန်းနဲ့ ဖေ့စ်ဘုတ်ကနေ ဒီဆူပူမှုတွေကို တိုက်ရိုက် လွှင့်တင်လိုက်တာဟာ တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုတဲ့ အချက်ကို တွေ့နိုင်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးကလည်း မေလ ၉ ရက်နေ့ သတင်းထုတ်ပြန်ချက်မှာ အကျဉ်းသားတွေရဲ့ တောင်းဆိုချက်တွေဟာ တစ်သဘောထားတည်း ဖြစ်နေပြီး တချို့တစ်ထပ်တည်း တူနေတာရယ်၊ လူမှုကွန်ရက်ပေါ် လက်ကိုင်ဖုန်းသုံးပြီး Live လွှင့်တဲ့ ကိစ္စတွေဟာ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ဒီလို သွေးထိုးလှုံ့ဆော်သူတွေနဲ့ နောက်လိုက်တွေဟာ နိုင်ငံချစ်စိတ် မရှိသူတွေ၊ နိုင်ငံကောင်းစားရေးကို မလိုလားသူတွေ၊ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးနဲ့ ပြောင်းလဲရေးအတွက် ဆန္ဒမရှိသူတွေဖြစ်ပြီး ထိုထိုသော ပုဂ္ဂိုလ် အသင်းအဖွဲ့များကို မြစ်ကြီးနားသတင်း ဂျာနယ်မှ ပြင်းထန်စွာ ရှုတ်ချကြောင်း ရေးသားအပ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

စာ .. ၂ မြစ်ကြီးနားထောင်ဆူပူမှုမှ »



မြစ်ကြီးနားအကျဉ်းထောင်မှ ဆန္ဒပြနေသူများကို အကြမ်းမဖက်ဖို့ အကျဉ်းသားမိသားစုဝင်များ အကျဉ်းထောင်ရှေ့တွင် တောင်းဆိုနေပုံ

သည်ကို တွေ့ရှိရကြောင်း၊ အချို့အကျဉ်းထောင် ဆူပူမှုတွင် အကျဉ်းသားအချို့က လက်ကိုင်ဖုန်းဖြင့် လူမှုကွန်ရက်ပေါ်တွင် live လွှင့်တင်မှုများကိုစိစစ်တွေ့ရှိရသဖြင့် ယခုကဲ့သို့ ချိတ်ဆက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုရှိနေသည်ဟု သုံးသပ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြရေးသားထားသည်။


ထိုဆူပူမှုနှင့် ပတ်သက်ပြီး ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ထိုထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဆန္ဒပြ တောင်းဆိုသည့် အကျဉ်းသူ / သားများကို ရိုက်နှက် ဖြိုခွင်းမည်ကို လည်း အကျဉ်းသူ/သားများ၏ မိသားစုဝင်များက စိုးရိမ်လျက်ရှိနေကြပြီး ထိုသို့ မပြုလုပ်ရန် ထောင်အပြင်မှ အော်ဟစ် တောင်းဆိုမှုများလည်း မြစ်ကြီးနား အကျဉ်းထောင်တွင် ဖြစ်ပွားခဲ့သည်။

အကျဉ်းထောင် ဆူပူမှုမှာ မြစ်ကြီးနားအကျဉ်းထောင်အပါ ရွှေဘို၊ ကလေး၊ ဘားအံ၊ ထားဝယ်၊ သာယာဝတီ၊ ပုသိမ် စသည့်အကျဉ်းထောင်တို့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မေလ ၈ ရက်နေ့တွင် ကလေးအကျဉ်းထောင်နှင့် ဘားအံအကျဉ်းထောင်များတွင် လည်းကောင်း၊ မေလ ၉ ရက်နေ့တွင်မူ ရွှေဘို၊မြစ်ကြီးနား၊ ထားဝယ်၊ သာယာဝတီနှင့် ပုသိမ် အကျဉ်းထောင်တို့တွင်လည်းကောင်း ဆူပူမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ရွှေဘိုအကျဉ်းထောင်တွင် အကျဉ်းသားများကို ဖြိုခွင်းမှုကြောင့် အကျဉ်းသား ၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ■

Salai, Ah Je



# မြစ်ကြီးနားအကျဉ်းထောင် ဆူပူမှုနှင့် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်နှင့်ပတ်သက်၍ မြစ်ကြီးနားအကျဉ်းထောင်တွင် ၁၈ နှစ်ကြာ ဝင်ထွက်သွားလာကာ သာသနာပြုလုပ်နေသူ

# ဆရာအင်ဒိန်အဂျာ၏ ပြောပြချက်

ဥပမာအားဖြင့် မူးယစ်သုံးစွဲပုဒ်မ ၁၅ ကို ဖျက်သိမ်းပြီးသားပဲ။ အစိုးရက ပြဋ္ဌာန်းထားပြီးသားပဲ။ အဲ့တော့ ဥပဒေတစ်ခုဟာ နိုင်ငံတော်က ပြဋ္ဌာန်းရင် နိုင်ငံတော်၊ နိုင်ငံသားတွေက တစ်ပြေးညီခံစားခွင့်ရှိရမယ်။ ပုဒ်မ ၁၅ ဖျက်သိမ်းပြီးသော်လည်း ၁၅ ပုဒ်မနဲ့ ပြစ်ဒဏ်ကို ဆက်လက်ခံယူနေရတဲ့ လူတွေက ထောင်ထဲမှာ အများကြီးလေ။ နောက်တစ်ချက် ၁၆ (ဂ)၊ လက်ဝယ်ထားရှိမှုဆိုတာက သတ်မှတ်မှု ဂရမ်က ၃ ဂရမ်၊ ၃ ဂရမ်ဆိုပေမယ့် အခုက ၀.၀၀၁ ဂရမ်တို့ တစ်မှုန်လောက်နဲ့ ရဲကဖမ်းချင်တာကိုး။ အခုလည်း အချုပ်မှာ အမှုရင်ဆိုင်နေတဲ့လူကလည်း ရှိနေသေးတယ်ဆိုတော့ တစ်မှုန်နှစ်မှုန်လောက်နဲ့လည်း တင်တော့ ဥပဒေအကြံပြုကလည်း ဒါကို၁၆(ဂ)နဲ့ တရားစွဲဆိုသင့်ပါတယ်ဆိုပြီး ရုံးတော်ကိုတင် တရားသူကြီးကလည်း ပိုက်ဆံမပေးနိုင်ရင် မပေးသလိုပဲ သုံးစွဲတဲ့သူက တစ်မှုန်လောက်နဲ့လည်း၅ နှစ် ၆ နှစ် ကျတာပဲ။

အဲ့ဒီတော့ ဟုတ်ပါပြီ။ လွှတ်ပေးပါပြီ။ ၁၅၊ ၁၆လွှတ်ပေးတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်မှာ ၁၅၊ ၁၆ လွှတ်တဲ့ထဲမှာ ပါသွားတယ်။ ဒါပေမဲ့ အခုဘာပြန်ဖြစ်သလဲဆိုတော့ ၁၅၊ ၁၆ Syringe (ဆေးထိုးအပ်)ကိုင်ဆောင်မှု (ယစ်မျိုးအက်) ၃၃၊ ဘိန်းစားကတော့ ဆေးထိုးအပ်တော့ ကိုင်မှာပေါ့။ ဆိုတော့ ရဲက ပိုက်ဆံမပေးနိုင်တော့ ဆေးထိုးအပ် တွဲထည့်ပေးလိုက်တယ်။ တရားသူကြီးကလည်း ပိုက်ဆံပေးနိုင်တော့ ဆေးထိုးအပ်နဲ့ တစ်လတန်သည် ချပေးလိုက်တယ်။ ၁၅၊ ၁၆(ဂ) လွှတ်ပြီးသားပုဒ်မ၊ နိုင်ငံတော်ကနေ လွှတ်ပေးပြီးသား ဖြစ်နေသော်လည်း အဲ့ဒီ ၃၃ ဆိုတဲ့ ဆေးထိုးအပ်နဲ့ တန်းလန်း ကျန်ခဲ့တဲ့ကောင်က ရှိတယ်။

နောက်တစ်ချက် ဖမ်းဆီးတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးတဲ့အခါ ဆိုင်ကယ်သော်လည်းကောင်း၊ ကားသော်လည်းကောင်း ပါပြီးသားပဲ။ ပါပြီဆိုမှတော့ without ပေါ့ဗျာ။ ပိုက်ဆံပေးနိုင်တဲ့သူက without မှု မကျဘူးလေ။ မပေးနိုင်တဲ့သူကျတော့ ၁၅၊ ၁၆(ဂ)နဲ့ ဘာထည့်ထားပေးလဲဆိုတော့ without မှုနဲ့ပတ်သက်တဲ့ ပုဒ်မ(၈) တွဲထားပေးတယ်ဗျာ။ ဆိုတော့ ပုဒ်မ ၁၅၊ ၁၆ (ဂ) တွဲတဲ့ကောင်တွေက ကျန်ခဲ့ပြန်ရော။ ဟုတ်ပါပြီ ပထမအကြိမ်၊ ဒုတိယကြိမ်မှာ လွှတ်တယ် ၂၁ အမှုတွဲ၊ အမှုတွဲဆိုတာက နိုင်ငံတော် သမ္မတက ဥပဒေနားလည်တာ ဖြစ်တဲ့အတွက် သူက သိပါလိမ့်မယ်။ ၂၁ ဆိုတာက ဖော်ချက်ကြောင့်လည်း ဖြစ်တယ်။ ဖော်တာက အမြင်ကပ်လို့ ဖော်လို့ တွဲသွားတဲ့ကောင်လည်း ရှိမယ်လေ။ ဘာပဲဖြစ်ဖြစ် ၂၁ ကတော့ မရှိသင့်ဘူးဆိုပြီးမှ ၂၁ လွှတ်ပေးတာပေါ့ ၁၉၊ ၂၁ လိုမျိုး၊ ၁၅၊ ၁၆(ဂ)၊ ၂၁ လိုမျိုး လူတွေက လွှတ်ပေးတယ်။ ဒါပေမဲ့ ခုမြစ်ကြီးနားထောင်မှာက ၂၁တွေ ရှိနေသေးတယ်။

နောက်တစ်ချက် ခုနပြောတဲ့ ပုဒ်မ၁၅က ပြစ်ဒဏ်ခံယူမှုက မြစ်ကြီးနားမှာ ဘယ်လိုခံယူမှုနဲ့ ရှိနေလဲ။ ၁၅၊၁၆(ဂ) အခြားသောအမှုနဲ့ တွဲတဲ့ဟာ ခိုးမှု၊ လက်နက်ကိုင်ဆောင်မှု ဓားတို့ ဘာတို့ပေါ့ အဲ့လိုမျိုးနဲ့ တွဲတဲ့ကောင် တွေ ကျန်နေသေးတယ်။ ရောင်းဝယ်ဖောက်ကား သမားကလည်း နဂိုကတည်းကနေ ပုဒ်မ ၁၅ ကို ဖျက်သိမ်းပေးတယ်ဆိုရင် ဒီနေ့လို ဆူပူမှုလည်း ဖြစ်မှာမဟုတ်ဘူး အခု ၁၅၊ ၁၉ တွေကလည်းအများကြီး ရှိနေသေးတယ်။ အဓိကကတော့ ဒါပါပဲ။ နိုင်ငံတော် လွှတ်ငြိမ်းသက်သာခွင့်၏ အဓိကပြဿနာသည် လွှတ်ငြိမ်းသက်သာဆိုတဲ့နေရာမှာ သမ္မတရဲ့ မိန့်ခွန်းကတော့ ဖြောင့်တန်းပါလိမ့်မယ်။ သို့သော်လည်း ဒီဘက်မှာ စိစစ်မှုပိုင်းဆိုင်ရာမှာ အားနည်းတဲ့ကဏ္ဍ အပိုင်းတွေကြောင့်ပဲ ဒီလိုကျန်ရှိသွားတဲ့သူတွေ အကျဉ်းထောင် အသီးသီးမှာ များတဲ့အချိန်ကျတော့၊ နိုင်ငံတော် လွှတ်ငြိမ်းသက်သာခွင့်ဟာ မျှတမှုမရှိဘူးဆိုပြီး ခံစားချက်အပေါ်မှာ အခြေပြုပြီးမှ အကျဉ်းထောင်တွေ အသီးသီး လိုက်စားပြီး ဒါဖြစ်လာတာပါ။ အဖြေက အဲ့ဒါပါပဲ။ ■

Salai

# အသရေဖျက်မှုဖြင့် တရားစွဲဆိုခံထားရသည့် မြစ်ကြီးနားသတင်းဂျာနယ် တာဝန်ရှိသူများကို စစ်ဆေးပြီးနောက်

# လာမည့်အပတ်တွင် ဂျာနယ်မှ စွဲဆိုထားသည့်အမှုကို ဆက်လက်စစ်ဆေးမည်

မေ ၇

ဝိုင်းမော်မြို့ရှိ သခင်စစ်ကုမ္ပဏီက အသရေဖျက်မှုဖြင့် မြစ်ကြီးနားသတင်းဂျာနယ်ကို တရားစွဲဆိုထားသည့်အမှုနှင့် ပတ်သက်၍ စွပ်စွဲခံရသည့် ဂျာနယ်တာဝန်ရှိသူများကို စစ်ဆေးပြီးနောက် ၎င်းတို့ဘက်မှ သက်သေများကို လာမည့်အပတ်တွင် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း တရားလွှတ်တော် ရှေ့နေဦးတင်ထွန်းသိန်းက ပြောသည်။

“ဦးဒိန်ဆောင် စွဲထားတဲ့အမှုက သူ့ကို စစ်ပြီးသွားပြီပေါ့နော်။ သူရဲ့သက်သေ၊ တရားလိုရဲ့သက်သေ ဆက်စစ်ရမယ်လို့ ပြောတယ်။ နောက်တစ်ပတ်ကို မွန်းမွန်းပန်ကို စစစ်မယ်”ဟု ရှေ့နေဦးတင်ထွန်းသိန်းက ပြောသည်။

မြစ်ကြီးနားသတင်း ဂျာနယ်မှသတင်းထောက်မမွန်းမွန်းပန်က တိုင်တန်းထားသည့်အမှုကိုမူ လာမည့်အပတ်တွင် စတင်စစ်ဆေးမည်ဟု သိရသည်။

လာမည့် တနင်္လာနေ့တွင် သခင်စစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဒိန်ဆောင်အပါဝန်ထမ်း၅ဦးကို စွဲဆိုထားသည့်အမှုနှင့် ပတ်သက်၍ စစ်ဆေးသွားမည် ဖြစ်ကြောင်းမမွန်းမွန်းပန်က ပြောသည်။

“တနင်္လာနေ့မှာတော့ ကျွန်မစွဲတဲ့အမှုမှာ ကျွန်မထွက်ဆိုရမယ့်နေ့ပါ။ သူတို့စွဲထားတဲ့အမှုမှာက တရားလိုဘက်က သက်သေတစ်ယောက်ကို စစ်မယ်လို့ သိရပါတယ်”ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားသတင်းဂျာနယ်မှသတင်းထောက်မမွန်းမွန်းပန်က သခင်စစ်ကုမ္ပဏီကို ရာဇသတ်ကြီးပုဒ်မ-၃၅၄( အမျိုးသမီး ကာယိန္ဒြေ ပျက်ပြားအောင် ပြုလုပ်မှု)၊ ပုဒ်မ-၂၉၄(ဆဲရေးတိုင်းထွာမှု)၊ ပုဒ်မ-၃၄၁(မတရားတားဆီးပိတ်ပင်မှု)၊ ပုဒ်မ-၃၂၃(နာကျင်စေမှု)၊ ပုဒ်မ-၁၁၄(အားပေးကူညီမှု) တို့ဖြင့် အမှုဖွင့် တိုင်တန်းထားရာ သခင်စစ်ဘက်ကလည်း ဖေဖော်ဝါရီ ၂၅ရက် ထုတ် မြစ်ကြီးနားဂျာနယ်ပါ “မန်ဒေါင်ကျေးရွာအုပ်စုတွင် တရုတ် တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက် လုပ်ကိုင်နေ” ဆိုသည့် သတင်းစာသားကြောင့် မမွန်းမွန်းပန်နှင့် ဂျာနယ် အမှုဆောင်အရာရှိနှစ်ဦးကို အသရေဖျက်မှုဖြင့် အပြန်အလှန် တရားစွဲဆိုထားခြင်း ဖြစ်သည်။

အဆိုပါအမှုသည် အနည်းဆုံး ၆လ သို့မဟုတ် ၉လခန့် ကြာနိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းက ပြောသည်။ ■

မျိုးမြတ်မြတ်ပန်

## ကချင်ပြည်နယ်မှ မူးယစ်ဆေးဝါးပြဿနာများ လျှော့ချနိုင်ရန်

# ကျပ်သန်း ၉ သောင်းကျော် အမေရိကန် ကူညီမည်ဟုဆို

မေ ၁၀

**ပြည်**နယ်အတွင်း ဖြစ်ပွားနေသည့် မူးယစ်ဆေးဝါး ပြဿနာများ လျှော့ချနိုင်ရေးအတွက် အမေရိကန် ကူညီထောက်ပံ့ရေး အဖွဲ့ (USAID)က အမေရိကန် အစိုးရထံတင်ပြပြီး ပြည်နယ် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ကူညီထောက်ပံ့သွားမည် ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့၊ အဂ္ဂါပေဟိုတယ်တွင် ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့နှင့် ကချင်ဒေသန္တရ သုတေသနအဖွဲ့၊ အမေရိကန်သံရုံးနှင့် USAID တို့ မေလ ၇ ရက်နေ့မှ ၃ ရက်ကြာ ကျင်းပခဲ့သော "လက်တွဲညီညီ ရှေ့သို့ချီ၊ မူးယစ်ကင်းစင် ကချင်ပြည်သို့" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်ဒေါ်လာ ၆ သန်းခန့် (မြန်မာငွေ ၉၁၉၄ သန်းကျော်ခန့်)ကူညီရန် ပြောကြားခဲ့ကြောင်း သိရသည်။

"USAID က မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်လူထုနဲ့ ပူးပေါင်း လုပ်ဆောင်သွားမယ်ဆိုတဲ့ အပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့ သဘောပေ့ါ။ ပစ္စုပ္ပန်မှာ ဖြစ်တာတွေကို ကြည့်ပြီး အနာဂတ်မှာ ဘယ်လို လုပ်ဆောင်သွားမလဲပေ့ါ။ USAID က အတည်ပြုထားတာက အမေရိကန်ဒေါ်လာ ခြောက်သန်းကို ကချင်ပြည်နယ် လူထုအခြေပြုကို ပေးသွားမယ်ဆိုတဲ့ အပိုင်းပြောသွားတာ ရှိတယ်" ဟု Kachinland Research Centre မှ ဒါရိုက်တာ ဦးဒန်ဆိုင်းလောန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါး ကင်းစင်ရန် ပညာပေးသင်တန်းများ ပြဋ္ဌာန်းခြင်း၊ လူ့အခွင့်အရေးနှင့်အညီ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအရေးအရာများကို လွှမ်းခြုံနိုင်သည့် ဒေသနှင့် ကိုက်ညီသော စီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ သုံးစွဲမှုနှင့် ထုတ်လုပ်မှုလျှော့ချခြင်း၊အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချခြင်းနှင့်မူးယစ်ဆေးဝါးဥပဒေနှင့် နည်းဥပဒေပြင်ဆင်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ခြင်း စသည့် မူဝါဒများ ချမှတ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် ရေရှည်စီမံကိန်းအဖြစ် ပြန်လည်ထူထောင်ရေးနှင့် ကုသရေး၊ ပညာရေးကျောင်းများတွင် မူးယစ်ကင်းစင်ရန် ပညာပေး သင်ခန်းစာများ ပြဋ္ဌာန်းခြင်း၊ အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသနှင့် ကိုက်ညီသည့် စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းချမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ရေတိုစီမံကိန်းအဖြစ် အမြင်ဖွင့်ခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း၊ သုံးစွဲသူအချင်းချင်း မိတ်သဟာရဖွဲ့ခြင်း၊ လေ့လာရေးခရီးများ ခေါ်ဆောင်ခြင်းနှင့် အစားထိုးသီးနှံ ရောင်းချရန် ဈေးကွက်ရှာဖွေပေးခြင်း စသည်တို့ကိုလည်း ထပ်ဆင့်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ဒီလို ဥပဒေတွေကို ပြင်ဆင်မယ်ဆိုပြီး အဖြေထွက်လာတာ အရမ်းကောင်းပါတယ်။ ဥပမာပြောရရင် ၁၆ (ဂ)လိုမျိုး ဥပဒေဆိုရင် ပြင်ဆင်သင့်တဲ့ အရာမျိုးပေ့ါ။ အမေရိကန်အစိုးရကလည်း ကူညီမယ်ဆိုတော့ အစိုးရပိုင်းကလည်း လိုအပ်တဲ့ ဥပဒေတွေ နည်းဥပဒေကို ပြင်ဆင်ပြီး တားဆီးနှိမ်နင်းဖို့ လိုပါပြီ"ဟု မူးယစ်ဆေးဝါးသုံးစွဲသူများအသင်း (National Drug User Network) မှ ဥပဒအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးဂဲနက်စ်မှ သုံးသပ်ပြောဆိုသည်။

အထက်ပါအလုပ်ရုံဆွေးနွေးပွဲသို့ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါး သုံးစွဲသူများနှင့် မိသားစုဝင်များ၊ ဥပဒေကျွမ်းကျင်သူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးပေးခဲ့ကြသည်။ ■

စည်သူ(မြစ်ကြီးနား)၊ Ah Je

## ကချင်ပြည်နယ်လူငယ် ဖိတ်ခေါ်ဖလား

# ဘောလုံးပြိုင်ပွဲ

မေ ၁၀

**အ**မျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ကချင်ပြည်နယ်လူငယ်လုပ်ငန်းအဖွဲ့၏ ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့၌ ဇွန်လအတွင်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြစ်ကြီးနားမြို့နယ်အတွင်း နေထိုင်သည့် မျိုးနွယ်စု ဘောလုံးအသင်း၁၆သင်းကိုဖိတ်ခေါ်ပြီး အုပ်စု ၄ စုခွဲကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လူငယ်လုပ်ငန်းအဖွဲ့မှ ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကိုဒဂင်နမ်ထင်အောင်က ပြောသည်။

ကချင်မျိုးနွယ် ၆ မျိုးမှ ရိုးရာယဉ်ကျေးမှု အသင်းများ၊ ရှမ်းရိုးရာ ယဉ်ကျေးမှုအသင်း၊ ဂေါ်ရခါးလူငယ် အသင်းနှင့် ပေးဆပ်သူ လူမှုကူညီရေးအသင်း၊ မြစ်ကြီးနား တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ် အစရှိသည့် အသင်းအဖွဲ့များကို ဖိတ်ခေါ်ကာ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

"မြစ်ကြီးနားမှာ လုပ်တော့ မြစ်ကြီးနားဇုံက အသင်းအဖွဲ့တွေကို ဖိတ်ခေါ်သွားမှာ ဖြစ်တယ်။ အဓိက လူငယ်ကို ဦးတည်ပြီးလုပ်တာ ဖြစ်တယ်။ ဖိတ်ခေါ်တဲ့ အသင်းတွေကို ကြည့်မယ်ဆိုရင်လည်း ကချင်ပြည်နယ်က တိုင်းရင်းသား လူမျိုးပေါင်းစုံရှိတယ်။ အားကစားကို အကြောင်းပြုပြီး တိုင်းရင်းသားအချင်းချင်း၊ အသင်းအဖွဲ့အချင်းချင်း ကျွန်တော်တို့ ပါတီကြားမှာ ချစ်ကြည်ရေး တည်ဆောက်ဖို့ ရည်ရွယ်ပါတယ်"ဟု ကိုဒဂင်နမ်ထင်အောင်က ပြောသည်။

အသင်းတစ်သင်းလျှင် အသက် ၂၅ နှစ်အောက် ၁၃ ဦး ပါဝင်ရမည်ဖြစ်ပြီး အသက်မီပါက လက်ရွေးစင်ကစားဖူးသော မည်သည့်ကစားသမားမဆို ၂၅ နှစ်အောက်တွင် ပါဝင်ကစားခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၅ နှစ်အထက် စီနီယာ ကစားသမားမည်သူမဆိုကိုလည်း ၇ ဦးအထိ ပါဝင်ခွင့်ပြုသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ပြိုင်ပွဲကိုမြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းသာယာ ဘောလုံးကွင်းတွင် ဇွန်လ ၂၄ ရက်နေ့မှ ဇူလိုင် ၁၅ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆုကြေးများ အနေဖြင့် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ၇ သိန်း၊ တတိယဆု ၄ သိန်းနှင့် နှစ်သိမ့်ဆု ၁ သိန်းတို့ ချီးမြှင့်သွားရန် လျာထားကြောင်းလည်း သိရသည်။■

Salai

## ရွှေကူမြို့နယ်က

# မီးလောင်သေတဲ့သူ



မေ ၁၀

**ဗန်း**မော်ခရိုင်၊ ရွှေကူမြို့နယ်၊ နောင်လတ်ကြီးကျေးရွာနှင့် တစ်မိုင်ခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်ခြင်းကြောင့် မေလ ၉ ရက်က အခင်းယာတဲတစ်လုံးနှင့် လူတစ်ဦး မီးလောင်သေဆုံးသွားကြောင်း ဗန်းမော်မြို့၊ ခရိုင်မီးသတ် ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ၁၀ ပေပတ်လည် သက်ငယ်မိုး၊ ထရံကာ၊ မြေစိုက်တဲတစ်လုံးနှင့် နောင်လတ်ကြီးကျေးရွာတွင် နေထိုင်သူ အသက် ၄၇ နှစ်အရွယ်ရှိ ဦးလှငွေက ခြေ၊ လက်များမီးကျွမ်း၊ ဦးခေါင်းခွံပွင့်ထွက်ကာ ခန္ဓာကိုယ်မီးလောင်ကျွမ်း ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

မီးလောင်ခဲ့သည့် တဲတွင် သေဆုံးသူ အမျိုးသားနှင့် ၎င်း၏ဇနီးတို့ အတူတကွ နေထိုင်ကြကြောင်း၊ ဇနီးဖြစ်သူသည် အခင်းမဖြစ်မီ မေလ ၇ ရက်ကတည်းက သမီးဖြစ်သူမှ မီးဖွားချိန်နီး၍ နောင်လတ်ကြီး ကျေးရွာသို့ ပြန်အိပ်ခဲ့ကြောင်း၊ သေဆုံးသူမှာ အလွန်မူးနေကြောင်း သိရသည်။

ဇနီးသည်က မေလ ၁၀ ရက်နေ့တွင် ခင်ပွန်းဖြစ်သူရှိရာ အခင်းယာတဲသို့ ခေတ္တပြန်လာကြည့်ရှုစဉ် တဲအိမ်မှာ မီးလောင်ကျွမ်းထားပြီး မီးလောင်တဲအတွင်း ဦးလှငွေကို တွေ့ခဲ့သဖြင့် ကျေးရွာရာအိမ်မှူးမှတစ်ဆင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြောင်း သိရသည်။

ရွှေကူ မြို့မရဲစခန်းမှ သက်ဆိုင်ရာ မှုခင်းဆရာဝန်များဖြင့် စစ်ဆေး၍ ရာဇသတ်ကြီးပုဒ်မ ၂၈၅/၃၀၄ (က)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ ■

မွန်းမွန်းပန်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( မေ ၁၃ ၊ ၂၀၁၉ )

အင်ခိုင်ဘွမ် ရေးသားသည်

# နယ်ခြားလေ့လာရေး စာရေးဆရာအဖွဲ့၏

# အရှေ့ပူတာအို ခရီး



၁၉၆၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ရန်ကုန်မှ စာရေးဆရာအဖွဲ့သည် နယ်ခြားဒေသတစ်ခု ဖြစ်သည့် ‘ဝ’နယ်သို့ ခရီးထွက်ခဲ့ကြသည်။ စာရေးဆရာအဖွဲ့သည် လူသူ အရောက်အပေါက်နည်းသော ပြည်ထောင်စုနယ်ခြား ဒေသများသို့ သွား၍ လူမျိုးစုများ၏ ယဉ်ကျေးမှု၊ ရိုးရာစရိုက်၊ ဘာသာအယူ၊ ဓလေ့ထုံးစံ စသည်တို့ကို လေ့လာကာ ပြည်မမှ လူများသိအောင် ကြိုးပမ်းခဲ့ကြသည်။

နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနကြီးကလည်း လိုအပ်သည်များကို ကူညီပေးသည်။ ထိုစဉ်က ‘ဝ’နယ်သို့ သွားရောက်လေ့လာခဲ့သော စာရေးဆရာအဖွဲ့ ရှိသလို ကချင်ပြည်နယ်မြောက်ဖျား ပူတာအိုနယ်ခြားသို့ သွားရောက်လေ့လာခဲ့သော စာရေးဆရာအဖွဲ့တစ်ဖွဲ့လည်း ရှိခဲ့သည်။ ထိုအဖွဲ့ကို နယ်ခြားလေ့လာရေး စာရေးဆရာအဖွဲ့ဟု ခေါ်သည်။

ထိုအဖွဲ့တွင် ပါဝင်သူများမှာ ဦးသန်းဆွေ၊ တက္ကသိုလ်နန္ဒမိတ်၊ မောင်မြတ်ဆွေ၊ မောင်စင်ကြယ်၊ သံလျင်ရန်နောင်၊ ပန်းချီမောင်ငွေထွန်းနှင့် မောင်ပြုံးတို့ဖြစ်ကြသည်။ ၎င်းတို့အဖွဲ့သည် ‘ဝ’ ဒေသသို့သွားသည့် စာရေးဆရာအဖွဲ့လိုပင် မေလ ၁၅ ရက်နေ့တွင် မြစ်ကြီးနားမှ ပူတာအိုသို့ထွက်ခဲ့ကြသည်။ လေယာဉ်ဖြင့်ခရီး သွားလျှင် ၄၅ မိနစ်သာကြာမည့်ခရီးကို ဒုတိယကမ္ဘာစစ် အတွင်း ဂျပန်စစ်ကြောင်း ချီတက်သည့်ကားလမ်း အတွေ့အကြုံကို ရယူလိုသည်ဟုဆိုကာ ကုန်းလမ်းသွားခဲ့ကြသည်။ ၄၅ မိနစ်ခရီးကို လေးညအိပ် ငါးရက်ခရီး သွားခဲ့ကြပြီး ပူတာအိုသို့ မေလ ၁၉ ရက်နေ့တွင်ရောက်ခဲ့သည်။ နောက်နေ့တွင် မချမ်းဘောသို့ ခရီးဆက်ပြီး အချိန်တန်တော့ မချမ်းဘောအဝင် မလိခမြစ်ကမ်းပါးသို့ရောက်လာကြသည်။ “နယ်ခြားအုပ်ချုပ်ရေးမှ သင့်အား ရှင်လန်းစွာ ကြိုဆိုပါသည်။”ဟူသော ဆိုင်းဘုတ်ကြီးက ထင်းလျက် ရှိနေသည်။

ဗိုလ်ကြီး ဒါရှီလကျန်းက နယ်ခြားဒေသလေ့လာရေး စာရေးဆရာအဖွဲ့ကို ဖံယောရိပ်သာတွင် နေရာချပေးသည်။ ဖံယောရိပ်သာဘေးတွင် မလိခမြစ်သည် ငြိမ့်အေးစွာ ကွေ့ပတ်စီးဆင်းလျက်ရှိသည်။ မချမ်းဘောသည် အရှေ့ပူတာအိုနယ်ခြားဒေသသို့ အဝင်တံခါးဝမြို့တော် ဖြစ်သည်။ ခရိုင်ဝန် ဗိုလ်မှူးလှမောင်ရုံးစိုက်ပြီး နယ်ခြားဒေသတစ်ခရိုင်လုံးကို ထိုနေရာမှ အုပ်ချုပ်လေသည်။ မချမ်းဘောမှစပြီး နယ်ခြားတစ်ခရိုင်လုံးကို နိုင်ငံခြားသားစီးပွားရေးသမားများ လုံးဝအဝင်မခံဟု ဆိုသည်။ စာရေးဆရာအဖွဲ့က မြေပြန့်က လူလည်၊ လူပွေ၊ လူရှုပ်၊ လူတေများ နယ်ခြားဒေသအတွင်း မဝင်နိုင်အောင်ကိုလည်း အထူးစိစစ်သင့်သည်ဟု ထင်မြင်ချက် ပေးကြသည်။ ပန်းချီဆရာမောင်ငွေထွန်း တစ်ယောက်မှာတော့ ညားကာစ ဇနီး ခင်လေးငယ်ကို သတိရ၍ ငေးငေးငိုင်ငိုင် ဖြစ်နေရှာသည်။

နယ်ခြားဒေသ အုပ်ချုပ်ရေးက စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းရန် အထူး ကြိုးစားနေကြသည်။ လှေခါးထစ် စိုက်ပျိုးနည်းကို ပြသပေးသလို ကားလမ်းများကိုလည်းစနစ်တကျ ဖောက်လုပ်ပေးထားသည်။ စာရေးဆရာအဖွဲ့သည် မချမ်းဘောတွင် နှစ်ရက်နားပြီး မြန်မာ-ယူနန်နယ်ခြား ခေါင်လန်ဖူးဘက်သို့ ခရီးဆက်ခဲ့ကြသည်။ နယ်ခြား ဝန်ထောက်ဗိုလ်ကြီး လကျန်းက တိုယိုတာဂျစ်ကားနှစ်စီးဖြင့် အလန်ဂါးရွာလေး အထိလိုက်ပို့သည်။ စာရေးဆရာ အဖွဲ့လည်း ကျောင်းသားပေါင်း ရှစ်ဆယ်ကျော်ခန့် ရှိသည့် ကျောင်းပညာရေး အခြေအနေများကို လေ့လာစုံစမ်းသည်။ ချို့ချို့တဲ့တဲ့နှင့်ပင် ကြိုးစားနေရကြောင်းတွေ့ရသည်။ ညအချိန် ဖယောင်းမီးအလင်းရောင်အောက်တွင် အလန်ဂါးရွာသား တောင်အုပ်ကြီးက Kachin Levies တပ်တွင် စကားပြန်လုပ်ခဲ့သည့် အတွေ့အကြုံများ၊ ဂျပန်တပ်များ ပူတာအိုသို့ တက်လာသောအခါ နယ်ခြားရွာများစုစည်း၍ တိုက်ခိုက်ခဲ့ကြပုံများကို ဇာတ်စုံခင်းပြခဲ့လေသည်။

ထို့နောက် အလန်ဂါးရွာက အထမ်းသမားများ ငှားကာ တန်ဂါးရွာသို့ ခရီးဆက်ခဲ့ကြပြန်သည်။ ခရီးလမ်းက ကြမ်းတမ်းသည်။ သို့သော် အထမ်းသမား ဂျင်းဖောပျိုမေတို့၏ တောင်ပေါ်တေးသံများ၊ ရယ်မောသံများက အမောအပန်း ပြေစေသည်။ သူမတို့ မျက်နှာတော့ ချွေးသီး၊ချွေးပေါက်များနှင့် စိုရွှဲလျက်။ မကြာမီ နဂါးတွင်းဆိုသည့် တွင်းကြီးတစ်တွင်းကို တွေ့ရသည်။ ထိုတွင်းကြီးထဲက အကောင်ကြီးတစ်ကောင်က လားတစ်ကောင်ကို ထွက်ဆွဲ၍ စားပစ်လိုက်သည်ဟု ဆိုကြသည်။ မြွေနဂါးရှိသည်ဟုလည်း ပြောကြသည်။ ထိုတွင်းနားအရောက်တွင် ပျိုမေတို့၏တေးသံများလည်း ဆိတ်သွားသည်။ မြန်မာပြည် မြောက်ဖျားသည် ထူးဆန်းသော သစ်ဥသစ်ဖုများ နှင့်အတူ ထူးဆန်းသော တိရစ္ဆာန်များကြောင့်လည်း ကျော်ကြားသည် မဟုတ်ပါလော။

နေ့လည် ၂ ချက်တီးလောက်တွင် အင်မွိုင်းဘွန်ဟူသော ရွာကလေးသို့ ရောက်လာကြသည်။ လီဆူတို့၏ရွာဖြစ်သည်။ ရွာရှိအိမ်တစ်အိမ်ပေါ်တွင် နားနေစဉ် အိမ်အောက်တွင် ဧည့်သည်များကို လာရောက်ကြည့်ရှုသော ကလေးများဖြင့် ပြည့်သွားသည်။ ထို့နောက် ခေါင်ရည်ခပ်နွေးနွေးဖြင့် ဧည့်ခံကြသည်။ ခရစ်ယာန် ဘာသာဝင်များက ကော်ဖီသာ သောက်ကြသည်။ တန်ဂါးရွာသို့ ခရီးဆက်ရာ ကလေးများ ဆူညံစွာ အော်ဟစ်နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြသည်။ တန်ဂါးရွာလေးသည် လီဆူအပျိုချောပေါသည့် ရွာလေးဖြစ်သည်။ အထမ်းသမားလေးများ ပြောင်းလိုက်ကြပြီ။ တန်ဂါးရွာလေးက လီဆူရဝမ် အလှမယ်ကလေးများနှင့် ဖြစ်သည်။ ရှကရင်း၊ ဖရုခရွာများသို့ ဖြတ်သန်းရင်း ခေါ်ဘူဒဲသို့ အရောက်သွားကြသည်။ မချမ်းဘောမှ လမ်းလျှောက်ရသည်မှာ ၆ ရက်ကျော် ၇ ရက်အတွင်း ဝင်လာပြီ ဖြစ်သည်။

စာရေးဆရာ အဖွဲ့ကို မေခမြစ်က ကြိုဆိုလျက်ရှိသည်။ စာရေးဆရာအဖွဲ့သည် ဧရာဝတီကို မြစ်ကြီးနားတွင် တွေ့ခဲ့ပြီ။ မေလိခ၏ အလှကို မချမ်းဘောတွင် ရှုစားခဲ့ရပြီ။ ယခုတော့ မေခမြစ်ကူး ရီဒမ်ကြိုးတံတားပေါ် ဝယ်၊ တစ်နည်းအားဖြင့် တဝုန်းဝုန်းနှင့် စီးဆင်းနေသော မေခ၏ ရင်ခွင်ပေါ် ရောက်နေခဲ့ကြပြီဖြစ်သည်။ ရဝမ်အများစု နေထိုင်ကြသော ရီဒမ်ရွာအတွင်းသို့ဝင်လာသောအခါ ရွာသားများက ဝက်သားအစိမ်းများကို လက်ဆောင်ပေးကြသည်။ စာရေးဆရာများကို စကားပြန်မှတစ်ဆင့် သိလိုသည်များကို မေးသည်။ ကျောင်းစရိတ်နှင့် ကျောင်းဆရာလစာအတွက် အခက်အခဲရှိ၍ အစိုးရက ကူညီစေလိုသည်ဟု ဆိုကြသည်။

ရီဒမ်မှ ခေါ်ဘူဒဲသို့ တောင်တက်လမ်းအတိုင်း တစ်မျှော်တစ်ခေါ် သွားကြရပြန်သည်။ ထို့ကြောင့်မြစ်ကြီးနား စစ်ရဲအရာရှိရိပ်သာရှိ ဗိုလ်ကြီးကံကြီး ပြောလိုက်သည်မှာ မှန်သည်။ “ခင်ဗျားတို့လူငယ်တွေ အဖို့တော့ ရှေ့ကို တက်လမ်းအများကြီးရှိပါသေးတယ်”ဟူ၍ ဖြစ်သည်။ တက်လမ်းများကား တက်လို့ပင် မဆုံးနိုင်အောင် ဖြစ်နေရသည်။ ခေါ်ဘူဒဲတွင် နယ်ခြားဝန်ထောက်ရုံးစိုက်သော်လည်း အိမ်ခြေစုစုပေါင်း နှစ်ဆယ်ခန့်သာ ရှိသည်။ ဧည့်သည်များအတွက် လီဆူအမျိုးသားရိုးရာကပွဲရှိသည်။ ပေခုနှစ်ထောင်ကျော် မြင့်သော တောင်ထိပ်တွင် ကျင်းပသည့်ပွဲဖြစ်၍ အေးမြသောလေက တိုက်ခတ်နေသည်။ သီချင်းတစ်ပုဒ် ဆုံးသောအခါ ‘ဝါယိုးမား-ရှာယိုးမား’ ဟူသောတေးတစ်ပုဒ်ကိုဟစ်၍ဟစ်၍ အော်ဆိုကြရသည်။ ညီညီညာညာ တိတိကျကျဟု ဆိုသည်။ ရဲဘော်တစ်ဦးကလည်း လောက်ခူခေါ် အရက်များကို လိုက်တိုက်လေသည်။ ထို့နောက်တွင် အူးရီရီ၊ ချဲ့ငိုချဲ့၊ ဝါကီကီ စသော အကများကို ဆက်တိုက်ကကြပြန်သည်။ “ဆရာတို့ စာအုပ်ထဲမှာ အခုညကတဲ့ ကပွဲအကြောင်းတွေ၊ အဒွန်းဆီအကြောင်းတွေ ထည့်ရေးမယ်ဆိုလို့ သူတို့ သိပ်ပြီးသဘောကျနေကြပါတယ်” ဟု ရဲဘော်များက ဆိုကြသည်။ ပွဲမှာ ည ၁၁ နာရီကျော်တွင် အဆုံးသတ်ခဲ့ပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြသည်။ မီးဒုတ်ကလေးများဖြင့် အိမ်ပြန်နေသော လီဆူးမလေးများကို လှမ်းမြင်ကြရသည်။

စာရေးဆရာအဖွဲ့သည် ရွာတွင်သာ ဆက်လက်နားနေခဲ့ကြသည်။ ယခင်က ခေါင်လန်ဖူးအထိ သွားရန် ရည်ရွယ်ကြသော်လည်း ကျန်းမာရေး အခြေအနေနှင့် အိမ်ခြေနည်းပြီး ထူးခြားမှုမရှိဟုယူဆကာ အပြန်ခရီးအတွက် ပြင်ဆင်ကြသည်။ ဇွန်လ ၁ ရက်နေ့တွင် ခေါ်ဘူတဲမှ ပြန်ထွက်လာခဲ့ကြသည်။ “အပြန်ခရီးကို နှင်လာဆဲမှာပင် ကျွန်တော့်၏ မျက်စိထဲတွင်တစ်ခါတုန်းက တွေ့ဖူးကြုံဖူး ခရီးအတူသွားခဲ့ဖူးသော တောင်ရိုးပျော်ကလေး အားဖူ၏ မျက်နှာကိုလည်းကောင်း၊ တောင်ရိုးပျော်မလေးများ ဖြစ်သော အားဒူး၊ အားချီနှင့် အားညီတို့၏ ဂါဝန်ကြီးတဖါးဖါးနှင့် တပျော်တပါး ခရီးသွားနေကြသောဟန်ကို လည်းကောင်း၊ မြင်ယောင်ရင်းဖြင့် . . . ဤနှင်းဖြူတို့ဖြင့် ဖုံးလွှမ်းနေလေ့ရှိသော တောင်မြင့်ကြီးများကို ဖြတ်သန်းကာ ဆင်းသက်လာခဲ့ပါတော့သတည်း”ဟု လူငယ်စာရေးဆရာ မောင်ပြုံးက မှတ်တမ်းတင်ခဲ့လေသည်။ ■

ရည်ညွှန်း - တောင်ရိုးပျော်များဆီသို့ (မောင်ပြုံး)
တက္ကသိုလ်နန္ဒမိတ် ဘဝနှင့် စာပေအတ္ထုပ္ပတ္တိ (ကြည်နိုင်)




**တုတ်ထိုး** - မြန်မာပြည် ငြိမ်းချမ်းပါစေဗျာ။
**အိုးပေါက်** - ဆုတောင်းတိုင်း ပြည့်စုံပါစေဗျာ။ ဒါပေမဲ့ ကျုပ်ကတော့ မထင်ရေးချ မထင်ပါခင်ဗျာ။

**တုတ်ထိုး** - ဘာလို့တုန်း။
**အိုးပေါက်** - ငြိမ်းချမ်းရေးရချင်ကြရင် ယူခဲ့ကြတာ ကြာလှပေါ့။

**တုတ်ထိုး** - မူဆယ်ဆွေးနွေးပွဲကနေ တစ်ဆင့် ငြိမ်းချမ်းရေး အလင်းရောင်လေး မျှော်လင့်မိပါတယ်ဗျ။
**အိုးပေါက်** - မူဆယ်ဆွေးနွေးပွဲမှာ ဘယ်အဖွဲ့တွေ ဆွေးနွေးကြတာတုန်း။

**တုတ်ထိုး** - KIO/KIA ဆွေးနွေးတယ်။ ပြီးတော့ AA အဖွဲ့။ ပြီးတော့ တအောင်းအဖွဲ့(TNLA)။ ပြီးတော့ ကိုးကန့်အဖွဲ့(MNDAA)အဖွဲ့။ ပြီးတော့ အစိုးရ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ပေါ့ဗျာ။
**အိုးပေါက်** - အစိုးရ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဖွဲ့နဲ့ မြောက်ပိုင်း လက်နက်ကိုင်လေးဖွဲ့တို့ ဆွေးနွေးပွဲ ဆိုပါတော့။

**တုတ်ထိုး** - ဟုတ်ပ့ါဗျာ။ ဒေသခံပြည်သူတွေအတွက်တော့ ငြိမ်းချမ်းရေး အိပ်မက်ပန်းတစ်ပွင့် ပွင့်ဝေလာစေဖို့ မျှော်လင့်ကြရတာပေ့ါဗျာ။
**အိုးပေါက်** - ရန်ဖြစ်လိုက် ပြန်ချစ်လိုက် မဖြစ်ရင် သိပ်ကောင်းမှာပဲ။

**တုတ်ထိုး** - ဗျာ၊ ဘယ်လို။
**အိုးပေါက်** - ဟုတ်တယ်လေ။ ခဏနေ ဆွေးနွေးပွဲလေး လုပ်လိုက်၊ အပစ်အခတ်လေး ရလိုက်၊ ခဏနေ စစ်ပွဲလေး ဖြစ်လိုက်၊ ဒုက္ခသည်စခန်းတွေ တိုးလာလိုက်။ ခဏနေ ဆွေးနွေးပွဲလေး လုပ်လိုက်၊ အပစ်အခတ်လေး ရပ်လိုက်နဲ့။ ကျုပ်တို့ ပြည်သူတွေအနေနဲ့ စစ်ပွဲရဲ့ဒဏ်ကို ကျောကော့အောင် ခံစားနေခဲ့ကြရလို့ စစ်ပွဲတွေကို မုန်းလှပါပြီ။ ငြိမ်းချမ်းရေး အစစ်အမှန်ကို လိုချင်လွန်းလှပါပြီဗျာ။

**တုတ်ထိုး** - ယခင်အစိုးရ လက်ထက် ၂၀၁၃ တုန်းက မူဆယ်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ခဲ့သေးတယ်နော်။
**အိုးပေါက်** - ဒါလည်း ဆက်တိုက်ခဲ့ကြတာ မဟုတ်လား။

**တုတ်ထိုး** - စစ်ပွဲတွေကြောင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုတွေ ဆုတ်ယုတ်ရတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကအစ ချွတ်ခြုံကျကြရတယ်။ မျိုးဆက်လူငယ်တွေဟာ စစ်ပွဲတွေနဲ့ ကြီးပြင်းခဲ့ကြရတယ်။ စစ်ပြေးဘဝနဲ့ ဘဝတွေကို မွေးမြူနေကြရတယ်။ စစ်ပွဲ ဆက်ရှိနေဦးမယ်ဆိုရင်တော့ အနာဂတ်မျိုးဆက်ဟာ ဆင်းရဲတွင်းနွံထဲမှာ ဆက်ပြီး နစ်နေကြရဦးမှာပါပဲ။
**အိုးပေါက်** - ရှေ့ဆက်ပြီး အပစ်တွေလည်း ရပ်ကြ၊ အမုန်းတွေလည်း ရပ်ကြပြီး မျိုးဆက်တွေရဲ့ မျက်နှာကို ကြည့်ကြဖို့ သိပ် အရေးကြီးပါတယ်။

**တုတ်ထိုး** - စစ်ပွဲတွေကလည်း မပျော်ရဘူး။ တရားဥပဒေစိုးမိုးရေးလည်း ပျော်စရာ မကောင်းဘူး။ ဒီကြားထဲ ပြည်သူတွေ အထင်မှားအမြင် မှားအောင်လုပ်၊ ပွဲဆူအောင် ဟိုနားထယောင်၊ ဒီနားထယောင်နဲ့ မျိုးချစ်ယောင်ယောင် အဘချစ် ယောင်ယောင်တွေကြောင့်လည်း စိတ်မအေးရပါဘူးဗျာ။
**အိုးပေါက်** - ဒါတင် ကရိုးလားဗျာ။ ရခိုင်အရေးကိစ္စ၊ ဖားကန့်နွံနစ်တဲ့ ကိစ္စတွေ ဘယ်မှာ စိတ်ချမ်းသာရလို့တုန်းဗျာ။

**တုတ်ထိုး** - လက်ရှိ အစိုးရအနေနဲ့လည်း ဘေးကျပ်နံကျပ်တွေကလည်း များလှသဗျို့။
**အိုးပေါက်** - သမ္မတဦးဝင်းမြင့် လက်ထက်မှာရော ဘာတွေ သိသိသာသာ ဆောင်ရွက်နိုင်တာတွေ တွေ့ရသလဲဗျ။

**တုတ်ထိုး** - အဂတိတိုက်စားမှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်းဘက်မှာတွေတော့ သိသိသာသာ ပြောင်းလဲလာတာတွေ ရှိပါတယ်။
**အိုးပေါက်** - သမ္မတဦးဝင်းမြင့် တာဝန်ယူခါစတုန်းက ပြောထားတဲ့အရာတွေ ရှိတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမယ်လို့ ပြောခဲ့တယ်ဗျ။

**တုတ်ထိုး** - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပါ ဆောင်ရွက်သွားမယ်လို့လည်း ပြောပါသေးတယ်။
**အိုးပေါက်** - ငြိမ်းချမ်းရေးဖြစ်စဉ် အကြောင်းတော့ အကျယ်တဝင့်ပြောသွားတာ မရှိဘူးနော်။ နှစ်သစ်မိန့်ခွန်းတွေထဲမှာပေ့ါ။

**တုတ်ထိုး** - ဟုတ်တယ်ဗျို့။ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးကရော လွယ်ကူပ့ါမလား။
**အိုးပေါက်** - ဗြဟ္မာ့ဦးခေါင်း ကိုင်ထားရသလို ဖြစ်မှာပေ့ါ။ လွယ်တော့ မလွယ်ပါဘူး။

**တုတ်ထိုး** - ဒီကြားထဲ တိပ်ကပ်ဆရာတော်ဘုရားကလည်း ပွဲဆူတဲ့စကားလုံးတွေနဲ့ အမုန်းတရားတွေ ဖြစ်အောင် သွေးထိုးနေတယ်။
**အိုးပေါက်** - မြိတ်မြို့မှာ ပြုလုပ်တဲ့ ပုဒ်မ ၅၉(စ) မပြင်ဆင်ရေး ထောက်ခံဆန္ဒပြပွဲမှာ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဦးဝီရသူက ပြောတယ်။

**တုတ်ထိုး** - ဒါကြောင့်လည်း သာသနာညှိုးနွမ်းစေမှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှုတွေ ပေါ်လွင်နေလို့ အရေးယူဆောင်ရွက်ပေးဖို့ ဆရာတော်ဘုရားကြီးတွေနဲ့ ဥပဒေကျွမ်းကျင်သူတွေက တောင်းဆိုထားကြပါတယ်။
**အိုးပေါက်** - ဒါကြောင့်လည်း မြဝတီမင်းကြီးကျောင်းတိုက် ဆရာတော်ဘုရား အရှင်အရိယဝံသာဘိဝံသက မိန့်ကြားခဲ့တယ်။

**တုတ်ထိုး** - ဘာတဲ့တုန်း။
**အိုးပေါက်** - သာသနာညှိုးနွမ်းလှပြီ၊ ကျုပ်တို့လည်း နာမည်ပျက်လှပြီ”တဲ့ဗျာ။

**တုတ်ထိုး** - ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တဲ့ ကိန်း ဆိုက်တာပါပဲဗျာ။
**အိုးပေါက်** - ပြီးတော့ ဆရာတော်ဘုရား မိန့်ထားတာ 7 Day News မှာ ဖတ်လိုက်ရတယ်။ “ရဟန်းကောင်းတွေ လုပ်တဲ့ အလုပ် မဟုတ်ဘူး။ သူတို့လုပ်တဲ့အလုပ်သည် သာသနာနဲ့ မသက်ဆိုင်ဘူး။ ပြည်သူကို ဆန့်ကျင်နေတဲ့သူ၊ ကမ္ဘာကို ဆန့်ကျင်နေတဲ့သူ၊ ဘာသာပေါင်းစုံကို ဆန့်ကျင်နေတဲ့သူဟာ သာသနာနဲ့ မဆိုင်ဘူးဆိုတာ ကြေညာသင့်နေပြီ”တဲ့ဗျို့။

**တုတ်ထိုး** - သာဓု၊ သာဓု၊ သာဓု။
**အိုးပေါက်** - ဒါနဲ့ ထောင်ထဲကလူတွေ ဆန္ဒပြကြ၊ ဆူပူကြနဲ့ Live လွှင့်နိုင်တဲ့ အနေအထားဆိုတော့ ကျုပ်တို့တိုင်းပြည်ရဲ့ နည်းပညာတွေ၊ လွတ်လပ်ခွင့်တွေက အံ့မခန်းပါပဲဗျာ။

**တုတ်ထိုး** - သတင်းမီဒီယာ အားလုံးတောင် လွှတ်တော်ထဲကနေ၊ ဓာတ်ပုံတောင် ရိုက်လို့မရတာတွေ ရှိတယ်ဗျ။ အခုတော့ ထောင်ထဲမှာ ဆူတာပူတာတွေတောင် Live လွှင့်နိုင်ကြပြီနော်။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - အင်းစိန်အောင်စိုးရဲ့ စကားတစ်ခု လူမှုကွန်ရက်တွေမှာ ဖတ်ရတာ ရှိတယ်။

**တုတ်ထိုး** - ဘာတဲ့တုန်း။
**အိုးပေါက်** - “အကျဉ်းထောင်ထဲမှာ အာဏာပိုင်ရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်လိုအကျဉ်းသားမှ စုဝေးစုရုံးလို့ မရပါ။ ကျည်ဆန်မိုး ရွာသွားပါမယ်။ အချိန်ကိုက် လှုပ်ရှားစေတာက အကျဉ်းသားတွေကို စေတနာ မေတ္တာရှိလို့ မဟုတ်ပါ။ အရပ်သားအစိုးရကို အကျဉ်းသားတွေရဲ့ အမုန်းတရားများအောင် ဆူပူမှုတွေဖန်တီးတဲ့ လက်မည်းတို့ အုပ်စုရဲ့ စနစ်တကျ ခွင်ဆင်ထားတဲ့ လုပ်ဇာတ်လို့ ကျွန်တော် ပြောလိုပါတယ်။ ထောင် သုံးကြိမ်ကျပြီး ၂၁ နှစ် နေခဲ့တဲ့ ကျွန်တော်တို့လို အကျဉ်းသားဟောင်းတွေက အားလုံး သဘောပေါက်ကြပါတယ်” တဲ့။

**တုတ်ထိုး** - ဒါဆို ထောင်တွေဟာ အချိန်ကိုက် ဆူပူမှုဖြစ်တာ ရိုးမှ ရိုးသားရဲ့လား။
**အိုးပေါက်** - ဒီ အကျဉ်းထောင်တွေ ဆူပူမှုဖြစ်စဉ်မှာ အကျဉ်းသားတွေရဲ့ တောင်းဆိုချက်တွေဟာ တစ်သဘောတည်း ဖြစ်နေတာစဉ်းစားစရာ ကောင်းတယ်။ ဒါကြောင့်လည်း ဒီလိုအချိန်ကိုက် ပြုလုပ်နေတာ သွေးထိုးလှုံ့ဆော်နေမှုဟာ မရိုးသားမှုပဲဗျ။

**တုတ်ထိုး** - နိုင်ငံတော် သမ္မတရုံးကတော့ မရိုးသားတဲ့ သွေးထိုးလှုံ့ဆော်မှုတွေ ရှိနေကြောင်း သတင်းထုတ်ပြန်ထားတယ်ဗျို့။
**အိုးပေါက်** - အရင်အစိုးရ လက်ထက်တုန်းက တရုတ်တွေကို (၇)ရက်တည်းနဲ့ လွှတ်ပေးတုန်းက ဘာလုပ်နေကြသလဲ။ ဟိုထောင်ဆူစေ၊ ဒီထောင်ဆူစေဆိုပြီး အချိန်ကိုက်ပွဲဆူစေတဲ့ ကိစ္စကြီးကတော့ မရိုးသားမှုပဲဗျို့။

**တုတ်ထိုး** - ၂၀၂၀ မှာ ပြည်သူတွေ သတိရှိပြီး လက်မည်းတွေရဲ့ ကြောင်လက်သည်းတွေကို ရှောင်ပြီး ပြည်သူ့ဘက်ကိုသာ ကြည့်တဲ့ ပါတီကိုသာ မဲပေးပြီး စစ်မှန်တဲ့ ပြည်သူ့အစိုးရ တစ်ရပ်ကို တည်ဆောက်ပြီး လက်သန်းလေးတွေကို ရွေးချကြပါစို့ရဲ့ဗျာ။ ။ ■

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၁၃ ၊ ၂၀၁၉ )

# လူ ၁၀၀ မှာ ၁၁ ယောက်နှုန်း ဆီးချိုရောဂါ ဖြစ်ပွားနေတဲ့ကချင်ပြည်နယ်

ဒေါက်တာနေဝင်း

Benadeth မေးမြန်းသည်

ယနေ့ခေတ်မှာ ဆီးချို၊ သွေးချို ရောဂါဝေဒနာရှင်တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုလာပြားလာပါတယ်။ WHO (World Health Organization) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တစ်ကမ္ဘာလုံး စစ်တမ်းကောက်ယူချက်အရ ၁၉၈၀ ခုနှစ်မှာ တစ်ကမ္ဘာလုံး ဆီးချိုဝေဒနာရှင် ၁၀၈ သန်း ရှိရာမှ ၂၀၁၄ ခုနှစ်မှာတော့ တစ်ကမ္ဘာလုံး ဆီးချိုသွေးချို ဝေဒနာရှင် ၄၂၂ သန်း အထိ တိုးမြင့်လာကြောင်း သိရပါတယ်။ ထို့အပြင် WHO ရဲ့ ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်မှာ ဆီးချိုသွေးချိုရောဂါဟာ သေဆုံးမှုနှုန်းအများဆုံး ရောဂါအမျိုးအစား စာရင်းမှာ အဆင့် ၇ ချိတ်မယ်လို့ ခန့်မှန်းထားကြပါတယ်။

လက်ရှိအချိန် ကချင်ပြည်နယ်မှာလည်း ဆီးချို သွေးချို ဖြစ်ပွားမှုနှုန်းဟာ အသက်အရွယ်အားဖြင့် အသက် ၂၅ နှစ်နဲ့ ၆၅ နှစ်ကြား လူဦးရေ ၁၀၀ မှာ ၁၁ - ယောက် နှုန်း ဆီးချို သွေးချို ရောဂါ ဖြစ်နေပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်မှာရှိတဲ့ ဆေးဆိုင်ကြီး အများစုမှာလည်း နေ့စဉ်ပုံမှန် ရောင်းအားကောင်းဆုံး ဆေးတွေထဲမှာ ဆီးချိုသွေးချိုဆေးဟာဆိုရင် တစ်ခုအပါအဝင်ဖြစ်နေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က လိုက်လံမေးမြန်းရာမှ သိရပါတယ်။ ဆီးချို/သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်း သိသိသာသာ တိုးမြင့်လာတဲ့အတွက် ပေါ့ဆမနေသင့်တော့ပေ။ ဒါကြောင့် ဆီးချိုသွေးချိုရောဂါဟာ ဘယ်လို အကြောင်းအရင်းတွေကြောင့် ဆက်စပ်ပြီး ဖြစ်လာရတယ်၊ မဖြစ်ခင် ဘယ်လိုတွေ ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်ရမယ်။ ပြီးတော့ နောက်ဆက်တွဲ ဖြစ်လာနိုင်သည့် ကြောက်မက်ဖွယ်ကောင်းတဲ့ ရောဂါတွေ အကြောင်း အသေးစိတ်ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး(ဆေးပညာ) ဒေါက်တာနေဝင်းနဲ့ ဆက်သွယ်မေးမြန်းထားတာတွေကို ပြန်လည်ဝေမျှပေးလိုက်ရပါတယ်။

**မေး။ ။ဆီးချိုသွေးချိုရောဂါဆိုတာ ဘယ်လိုအကြောင်းအရင်းတွေကြောင့် ဖြစ်ရတာလဲ။**

**ဖြေ။** ။စ,စ ချင်းကိုပဲ ဆောက်နဲ့ထွင်းတော့တာပဲ။ ဒီမေးခွန်းက အင်မတန်ဖြေရခက်ပါတယ်။ များသောအားဖြင့် မကူးစက်နိုင်သော ရောဂါများ (Non communicable diseases)လို့ခေါ်တဲ့ ဆီးချို၊ သွေးတိုး၊ ကင်ဆာလို ရောဂါမျိုးတွေရဲ့ ဇာစ်မြစ်တရားခံအကြောင်းက အကြောင်းတရားပေါင်း စုဆုံရာလို့ ပြောရပါမယ်။ Multifactorial ပေါ့။ အဓိက အချက်ကတော့ Life style ပဲဆိုကြပါစို့။ ကျနော်တို့ခေတ်ကာလမယ် ကျနော်တို့ ရှင်သန်နေထိုင်ကြရတဲ့ လူမှုဝန်းကျင်။ ကျနော်တို့ရဲ့ နေထိုင်စားသောက်ပုံတွေနဲ့ အများကြီး ဆိုင်ပါတယ်။ ရှေးက ဘိုးဘွားတွေ သူတို့စိုက်တာ သူတို့ ကိုယ်တိုင် ချက်ပြုတ် စားခဲ့ကြတယ်။ ကျနော်တို့က သူများ အဆင်သင့်ပြင်ဆင် ထုတ်လုပ်ရောင်းချတာကို စားကြတယ်။ နေ့တစ်နေ့ရဲ့ အစ၊ ကိုယ့်နံနက်စာကိုတောင် ချက်ပြုတ်မစားတော့ဘဲ ဆိုင်မှာ၊ ဒါမှမဟုတ် အသင့်လုပ်ပြီးသား ခေါက်ဆွဲထုပ်လိုဟာမျိုးနဲ့ ဖြေရှင်းလိုက်ကြတယ်။ ဒီအကျင့်ဟာ ဒီခေတ်ရဲ့ ပြယုဂ်ပဲ။ ဒါသည်ပင်လျှင် ရောဂါဖြစ်ရတဲ့ အကြောင်းတရား တစ်ခုပါပဲ။ ခေတ်က အလွယ်လိုက်တဲ့ခေတ်။ တတ်နိုင်သမျှ အပင်ပန်းမခံချင်တဲ့ ခေတ်။ အဲ့ဒီအတွက် ပေးဆပ်နေကြရတာပါပဲ။ 'အစာလည်းဆေး' ဆိုတဲ့ ဆိုရိုးတစ်ခု ရှိတယ်။ အခုခေတ်ကျတော့ 'အစာလည်းဘေး' ဖြစ်သွားပြီ။ မရွေးချယ်တတ်ရင် 'အစာလည်း ဘေး'ပဲ။ ရွေးချယ်တတ်မှသာ 'ဆေး' ဖြစ်မယ်။ ဒါက အစားအသောက်နဲ့ ပတ်သက်လို့။ အနေအထိုင်လည်း အဲ့လိုပါပဲ။ ဒီခေတ်ကြီးမယ် လက်ချောင်းလေးတွေက လှုပ်ရင် တစ်ကိုယ်လုံး ဘယ်နေရာမှ သိပ်မလှုပ်ရှားကြတော့ဘူး။ တင်ပါးကျောက်ချပြီးနေရင်လည်း ထမင်းစားနေရတဲ့ခေတ်ကိုး။ ဒါက ဘဝနေထိုင်မှုတွေနဲ့ ဆိုင်တဲ့အကြောင်း။ နောက်တစ်ကြောင်းက ပတ်ဝန်းကျင် အသိုင်းအဝိုင်း (Environmental factors)။ အချိုရည်ဘူးတွေ အလွယ်ရတယ်။ ကံစမ်းမဲပေါင်းများစွာနဲ့ မြူဆွယ်တယ်။ ပေါတယ်။ လက်ဖက်ရည်၊ ကော်ဖီဆိုတာ ရေနွေးရှိရင် သောက်လို့ရလာတယ်။ အလွယ်စားလို့၊ သောက်လို့ရမယ့် ဆိုင်လေးတွေက လက်တစ်ကမ်းထိ ရောက်လာတယ်။ ကိုယ်လက်လှုပ်ရှားဖို့ အခွင့်အရေးက နည်းလာတယ်။ ကား၊ဆိုင်ကယ်တွေက ပေါလာတယ်။ ဆိုင်လှလှလေးမယ် အချိုရည်ဘူးကို ပိုက်ကလေးနဲ့ စုပ်ပြီး ထိုင်ရတာကို 'စတိုင်'လို့ ထင်လာကြတယ်။ ခင်ဗျားအဖို့ ရွေးချယ်ပိုင်ခွင့်က သိပ်မရှိတော့ဘူး။ ဒီလိုဆိုင်တွေမှ မထိုင်ရင်၊ မစားမသောက်ရင် အိမ်ထဲ အောင်းနေပေတော့ပဲ။ ပွဲလမ်းသဘင်နဲ့ အခမ်းအနားတွေမှာတောင်မှ အချိုရည်ဘူးတွေက မပါမဖြစ်စာရင်းထဲ ရောက်နေတာကိုး။ ဒါက ကျနော်တို့ လူမှုပတ်ဝန်းကျင်မယ် ဖြစ်နေတာ။ နောက်တစ်ကြောင်းကတော့ မျိုးရိုးဗီဇ (Genetic)။ ကိုယ့်မယ် မိဘ၊ ဆွေမျိုးနီးစပ်ရာတွေက ဆီးချိုဖြစ်နေကြ၊ ဖြစ်ခဲ့ကြတယ် ဆိုရင်တော့ ဒါသည်လည်း အကြောင်းတစ်ခုပါ။ ဒါပေမဲ့ ဗီဇကြောင့်ပါဆိုပြီး အပြစ်ပုံချနေဖို့ပြောတာ မဟုတ်ပါဘူး။ တချို့မယ် မျိုးရိုးရှိလည်း မဖြစ်သေးဘူး။ တချို့မယ် မျိုးရိုး မည်မည်ရရ မရှိပေမယ့် ဖြစ်ကြတယ်။ ဒါကို ဆေးပညာအလိုအရ (epigenetic phenomena)လို့ ခေါ်တယ်။ ဗီဇဆိုတာ အခြေအနေပေးလို့သာ ပေါ်ခွင့်ရတာပါ။ ကျနော်တို့မယ် ငုတ်နေတဲ့ ဆီးချိုဗီဇရှိတယ် ဆိုရင်တောင်မှ ဒီခေတ်၊ ဒီဘဝအခြေအနေတွေက ငုတ်မရအောင် ဖော်ပေးနေတာပါ။ ဒါကိုတော့ အထူး သတိချပ်လို့ ပြောချင်ပါတယ်။ အနှစ်ချုပ်ရရင် ဆီးချိုသွေးချို ရောဂါဆိုတာ မျိုးရိုးလိုက်တယ်။ မျိုးရိုးပင်မရှိသော်လည်း နေထိုင်စားသောက်ပုံ မမှန်ရင် ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်တဲ့ ရောဂါတစ်ခုလို့သာ ဆိုပါရစေ။

**မေး။ ။ဖြစ်ပြီဆိုရင်ရော ဘယ်လိုလက္ခဏာတွေပြလဲ။**

**ဖြေ။** ။ဒီမေးခွန်းကတော့ အရေးကြီးတယ်။ 'လက္ခဏာ' ဆိုတာ အတော်ကြီးကို နောက်ကျမှ ပေါ်တတ်တာ။ လက္ခဏာပေါ်တဲ့ အချိန်မယ် ရောဂါက အတော်ရင့်နေတတ်တာမျိုး။ တချို့ဆို ရောဂါကျွမ်းနေမှ ပေါ်တဲ့လက္ခဏာတောင်ရှိတယ်။ ဒ့ါကြောင့် 'လက္ခဏာ'နဲ့ 'ရောဂါ'ကို ကွဲကွဲပြားပြား နားလည်စေချင်တယ်။ ဆီးချိုသွေးချိုရောဂါမယ် အဦးအစမှာ လက္ခဏာတွေက သိသိသာသာ ဖြစ်ခဲတယ်။ ဘာလက္ခဏာမှ မပြဘဲ ဖြစ်နေတတ်တာက များတယ်။ အကြောင်းတစ်ခုခုကြောင့် စစ်လိုက်တော့မှ ဆီးချိုသွေးချိုကို တွေ့ရတာ။ ဒါမျိုးက အများစုဗျ။ ဒ့ါကြောင့် ကျနော် အကြံပေးချင်တာ။ ကိုယ့်ကိုကိုယ် ဆီးချိုဖြစ်မှာ ကြောက်သလား။ ကြောက်ရင် စစ်ကြည့်။ ဘာလက္ခဏာမှ စောင့်မနေနဲ့။ လက္ခဏာတွေပေါ်မှဆိုရင် နောက်ကျပြီ။ တစ်ခါစစ်လို့ မတွေ့ရင်လည်း စိတ်ချမနေနဲ့ဦး။ မျိုးရိုးရှိသူ၊ ဝသူ၊ သွေးတိုးသူ၊ လေးဆယ်ကျော်တွေက အခါအားလျော်စွာ ပြန်စစ်ကြရတယ်။ ယေဘုယျလက္ခဏာတွေ ခြုံပြောရရင်တော့ ရေငတ်၊ ဆီးများ(ညပိုသွား)၊ ရုတ်တရက် ပိန်သွားတာမျိုးတွေက အစောပိုင်းမှာ ပေါ်တယ်။ နုံးချိ၊ ထုံကျဉ်၊ အမျိုးသမီးတွေက မိန်းမကိုယ်ယားတာမျိုးတွေ ဖြစ်တတ်တယ်။ အမျိုးသားတွေက အမျိုးသားဆန္ဒ အားနည်းလာတတ်တယ်။

**မေး။ ။အသက်အရွယ်အရ ဘယ်သူတွေမှာ အဖြစ်အများဆုံးလဲ။**

**ဖြေ။** ။ဒါကျတော့ ဆီးချိုသွေးချိုရောဂါ မျိုးကွဲတွေပေါ်မူတည်တာဗျ။ ကျနော်တို့က ဆီးချိုသွေးချိုဆိုပြီး လုံးပြောနေပေတဲ့ မျိုးကွဲလေးတွေ ရှိတယ်။ အဖြစ်အများဆုံးကတော့ Type 2 လို့ခေါ်တဲ့ အရပ်ထဲတွေ့နေကျ ဆီးချိုသွေးချိုပေါ့။ ကလေးတွေမယ် ဖြစ်တတ်တာကျတော့ Type 1 လို့ခေါ်တယ်။ အခုကျနော်ပြောနေတာက ရပ်ထဲရွာထဲ တွေ့နေကျ Type 2 အတွက်ပဲပြောတယ် မှတ်ပါ။ လေ့လာမှုတွေကတော့ အသက် ၂၅ နှစ်အထက်ဆိုရင် ဆီးချိုသွေးချိုဖြစ်နိုင်ချေ စာရင်းထဲထည့်ပြီး လေ့လာဆန်းစစ်မှုတွေ လုပ်ကြပါတယ်။ အဲ့တော့ ဒီအရွယ်ဆိုရင် ဖြစ်နိုင်ချေ စပြီဆိုရမယ်။ အဖြစ်အများဆုံးကတော့ လေးဆယ်ကျော်တွေပေါ့။ အသက်လေးဆယ်ကျော်မှ လူ့ဘဝ စတယ် ဆိုတာ ရှိတယ်မို့လား။ ဒီနေရာမယ် အသက်လေးဆယ်ကျော်ရင် ဆီးချိုသွေးချို ရှိနိုင်တယ်လို့ လူတိုင်းခံယူပြီး စစ်နိုင်ရင် အကောင်းဆုံးပါလို့ အကြံပြုချင်ပါတယ်။



**မေး။ ။ဘယ်လိုတွေ ကုသခံယူရမလဲ။ ကုသချိန် ဘယ်လောက်လောက်ကြာလဲ။**

**ဖြေ။** ။ ရောဂါမျိုးကွဲ အမျိုးအစားနဲ့ အနုအရင့်ပေါ် မူတည်ပြီး ကုထုံးတွေက ကွဲပြားသွားတာမျိုးပါ။ အများစုကတော့ သောက်ဆေးနဲ့ ကု။ အစားအသောက်အနေအထိုင် ဂရုစိုက်။ ဒါဆို အဆင်ပြေပါတယ်။ တချို့လည်း အခြေအနေနဲ့အနုအရင့်ပေါ် မူတည်ပြီးထိုးဆေးကုရတာလည်း ရှိတာပေ့ါ။ ကုသချိန်ကတော့ဖြင့် တစ်သက်လုံးမှ သက်ဆုံးတိုင်လို့ ပြောပါရစေ။ ကျနော်ကတော့ အာမခံနဲ့ ကုပါတယ်။ ဆီးချိုသွေးချို တစ်ကယ်ဖြစ်ရင် လုံးဝ မပျောက်စေရဘူး။

**မေး။ ။နောက်ဆက်တွဲရောဂါအနေနဲ့ ဘာတွေ ဖြစ်လာနိုင်လဲ။ အဆိုးဆုံးအခြေအနေက ဘယ်အဆင့်ထိ ဖြစ်နိုင်လဲ။**

**ဖြေ။** ။နောက်ဆက်တွဲတွေကတော့ဖြင့် တစ်သီကြီးဆိုရမှာပဲဗျ။ လူဖြစ်ရှုံးနိုင်တာတွေချည်း ဆိုပါတော့။ မျက်စိကန်းတတ်၊ မှုံတတ်သဗျာ။ လေဖြတ်၊ ထုံကျဉ်ဖြစ်သဗျာ။ ခြေထောက်တွေ ပုပ်ပြီးဖြတ်ရသဗျာ။ နှလုံးသွေးကြောတွေ ပိတ်သဗျာ။ ကျောက်ကပ်ပျက်စီးသဗျာ။ ယောကျ်ားတွေ ပန်းညှိုးသဗျာ။

**မေး။ ။ဘယ်လိုကာကွယ်ရမလဲ။ ဆောင်ရန်။ ရှောင်ရန် အချက်။**

**ဖြေ။** ။ဒီဟာကလည်း ခက်သားဗျ။ မျိုးရိုးနဲ့ဆိုင်တော့ ကာကွယ်လို့ ရာနှုန်းပြည့် ရကောင်းမှ ရမယ်။ ဒါပေမဲ့ အနေအထိုင်၊ အစားအသောက်ဆင်ခြင်ရင်တော့ လာမယ့်ဘေးက တန့်သွားနိုင်တာပေ့ါ။ အကောင်းဆုံးကတော့ ကိုယ့်ကိုကိုယ် စောင့်ရှောက်နိုင်တာက အသေချာဆုံးပဲ။ အသက်လေးဆယ်ကျော်ရင် ဆီးချိုသွေးချို စစ်ကြည့်။ မျိုးရိုးရှိရင် စောစောစစ်။ ရှိရင် အမြန်ကု။ ဆေးမြီးတိုတွေနဲ့ အချိန်မဖြုန်းနဲ့။ အသေအချာ ကု။ ဆောင်ရန်ကတော့. . . ကျန်းမာရေးနဲ့

တစ်ဖက်စာမျက်နှာ သို့ »

တဖက်စာမျက်နှာ ဆီးချိုရောဂါမှ »

ညီညွတ်သော ဘဝနေမှုပုံစံဆိုတာ ရှိတယ်။ ဘာလဲသိအောင်လုပ်။ အဲ့ဒီအတိုင်း ကျင့်ကြံနေထိုင်ပါ။ ငယ်သောကြီးသော မရှိပါဘူး။ ငါ့အသက်က ငယ်ပါသေးတယ်ဆိုတာ. . . ကျန်းမာရေးကိစ္စမှာ မရှိပါဘူး။ အရွယ်သုံးပါးမရွေး ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ပြုမူစားသောက်ကြဖို့ ဖြစ်ပါတယ်။ ရှောင်ရန်ကတော့ အလွယ်ရနေတဲ့ အချိုကဲတဲ့ အစားအသောက်တွေ။ အလွယ်ရနေတဲ့ အဆီပါတဲ့ အစာတွေကို အတတ်နိုင်ဆုံး ရှောင်ကြဖို့ပဲ ဖြစ်ပါတယ်။

**မေး။ ။ဆီးချိုသွေးချိုက မြစ်ကြီးနားမြို့မှာ ဘယ်နှုရာခိုင်နှုန်းထိ ဖြစ်နေတာလဲ။**

**ဖြေ။** ။ကျနော့်မှာ မြစ်ကြီးနားအတွက် ကိန်းဂဏန်း မရှိပါဘူး။ လူနာတွေက ကိုယ့်ဆရာဝန်နဲ့ကိုယ် ပြနေကြတာ ဆိုတော့ ဒါတွေကို ပေါင်းစပ်ဖို့က ခက်ပါတယ်။ ဒါပေမဲ့ ကချင်ပြည်နယ်အတွက် ပြုစုထားတဲ့ ကိန်းဂဏန်းတော့ ရှိပါတယ်။ ကျနော်တို့ ကချင်ပြည်နယ်က အသက် ၂၅ နှစ်နဲ့ ၆၅ နှစ်ကြား လူဦးရေ ၁၀၀ မှာ ၁၁ - ယောက်နှုန်း ဆီးချိုသွေးချိုရောဂါဖြစ်နေပါတယ်။ မြန်မာတစ်နိုင်ငံလုံး အတွက်က ၁၀.၅% ဆိုတော့ ကျနော်တို့ပြည်နယ်က တစ်နိုင်ငံလုံး ကိန်းဂဏန်းထက် နည်းနည်းပိုနေပါတယ်။ ဒါက အရေးကြီးပါတယ်။ ကချင်ပြည်နယ်အဖို့ ဆီးချိုသွေးချိုရောဂါနဲ့ ပတ်သက်ရင် သွေးအေးမနေသင့်တော့ဘူး ဆိုတာပါ။

**မေး။ ။ဆရာဆီလာတဲ့ လူနာတွေထဲမှာ ဒီရောဂါနဲ့ လာပြတဲ့လူနာ တစ်ရက်ကို ဘယ်နှုရာခိုင်နှုန်းလောက် လာပြသလဲ? ၁၀ ရက်မှာ ဘယ်နှယောက်လောက်လို့ ပြောနိုင်မလဲ။**

**ဖြေ။** ။ပုံမှန်အားဖြင့်တော့ ကျနော့်ဆေးခန်းက နာတာရှည်တွေ များတယ်။ နယ်စုံက လာတယ်။ ဒီတော့ ကိန်းဂဏန်းတွေက ဆေးခန်းနဲ့ဆရာဝန် အခြေပြု ဖြစ်နေတယ်။ ဒီဒေသလူထုရဲ့ ကိန်းစစ်ကို ကိုယ်စားမပြုနိုင်ဘူး။ အကြမ်းဖျင်းတော့ ခုနှစ်အချိုးတစ် ပေါ့။ လူနာခုနှစ်ယောက်မယ် တစ်ယောက်က ဆီးချိုသွေးချိုနဲ့ နွှယ်နေတာပါပဲ။

**မေး။ ။နောက်ဆုံး မေးခွန်းအနေနဲ့ ဒီရောဂါမဖြစ်အောင် မြစ်ကြီးနားကပြည်သူတွေ ကျန်းမာရေး အထူးဂရုစိုက်ဖို့ ဘာပြောချင်ပါသလဲ ဆရာ။**

**ဖြေ။** ။အပြောက လွယ်သဗျ။ တစ်ခွန်းပဲ။ "ကျန်းမာရေးနှင့် ညီညွတ်အောင် စားသောက်ပြုမူနေထိုင်ပါ". . . .။ ဒါပဲ။ အလုပ်ကျတော့ ခက်မှခက်။ Behavioral change.... လို့ခေါ်တာ။ စရိုက်ပြောင်းရမှာကိုး။ ကိုယ့်ပတ်ဝန်းကျင်မယ် အများလုပ်နေကြတဲ့ဟာတွေကနေ ရှောင်ပြီး ရုန်းထွက်ရမှာကိုး။ "ပြောင်းလဲချိန်တန်ပြီ"ဗျ။ ကိုယ့်ကိုကိုယ် ပြောင်းလဲကြရမှာ။ စားတာ၊ သောက်တာ၊ နေတာထိုင်တာ။ လှုပ်ရှားသွားလာတာ။ အသိဉာဏ်တွေ ဆည်းပူးလိုက်နာတာ။ စိတ်နေစိတ်ထား ကောင်းအောင် လေ့ကျင့်တာ။ ဒါမျိုးတွေကို အချိန်မဆိုင်းဘဲ အခုပဲ စ,လုပ်ကြရတော့မှာ။ ဟိုဟာဒီဟာတွေ ပြောင်းလဲဖို့ဆိုတာ အကြောင်းအမျိုးမျိုးရှိပေတဲ့ ကိုယ့်ကိုကိုယ် ပြောင်းလဲဖို့ကျတော့ အခုလုပ် အခုဖြစ်တာမျိုးပါ။ ဒါ့ကြောင့် မြစ်ကြီးနားက ပြည်သူတွေကို မြစ်ကြီးနားဂျာနယ်ကတစ်ဆင့် ပြောချင်တာက 'အခုပဲ' ကိုယ့်ကိုကိုယ် စ,ပြီး ပြောင်းလဲလိုက်ကြရအောင်. . . လို့။ ■

# မြန်မာ ကျောက်စိမ်းပန်းပုပညာရှင်များကို
# တရုတ်ပြည်သို့ စေလွှတ်



မေ ၁၀

**ကျောက်**စိမ်း အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာပန်းပုပညာရှင် လေးဦးကို တရုတ်နိုင်ငံသို့ သွားရောက်လေ့လာစေခဲ့ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

ထိုလေ့လာရေးခရီးတွင် တရုတ်နိုင်ငံရှိ ဖင်ကျိုး ကျောက်မျက်ဈေးနှင့် ထိပ်တန်းဝင် ဆုတံဆိပ်ပေါင်းရာနှင့်ချီ ရရှိထားသော ပန်းပုဆရာတို့ထံမှ လေ့လာသင်ယူစေခဲ့ကြောင်း မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဌ ဦးကျော်သူရက ပြောသည်။

"ဒီကလက်ရာတွေကြည့်ပြီး ကိုယ့်လူတွေက ဆွံ့အကုန်တယ်။ သူတို့ခေါင်းထဲ အတွေးများစွာ တိုးဝင်နေတယ်။ ဒါက ပြောင်းလဲဖို့ အစရဲ့ လက္ခဏာပါပဲ။ ကိုယ့်လိုအပ်ချက်ကို မသိလို့ မဖြည့်ဆည်းပေးနိုင်သမျှ တိုးတက်မှုဆိုတာ ရှိလာမှာ မဟုတ်ပါဘူး"ဟု ဦးကျော်သူရမှ ပြောသည်။

ထို့အပြင် ဦးကျော်သူရက ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်ရန် နေရာ သိပ်မကျန်ရှိတော့ဘဲ ကျန်နေသေးသည့် နေရာများမှာလည်း တူးဖော်ရန် မလွယ်ကူသည့်အတွက် မြန်မာ့ကျောက်မျက်ရတနာများ ဈေးကွက် ရရှိနိုင်ဖို့ဆိုလျှင် အချောထည်လုပ်ငန်း ဖွံ့ဖြိုးရန် များစွာလိုအပ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင်ကျောက်မျက် အချောထည်လုပ်ငန်းများ မဖွံ့ဖြိုးရခြင်းမှာ လေ့လာသင်ယူလိုစိတ်ရှိသူ နည်းပါးခြင်း၊ နိုင်ငံတော်အစိုးရ၏ စီမံထောက်ပံ့မှုများ အားနည်းခြင်းတို့ကြောင့် ဖြစ်ပြီး ကျောက်စိမ်း အချောထည် ဈေးကွက် မဖွံ့ဖြိုးသရွေ့ မြန်မာကျောက်စိမ်းကဏ္ဍ တိုးတက်ရေးမှာလည်း မလွယ်ကူကြောင်း ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဌ ဦးဇေလွှမ်းက သုံးသပ်ပြောကြားသည်။

"အချောထည်က အရမ်းအရေးကြီးတယ်။ ကျွန်တော်တို့ ဒီမှာ အရိုင်းဖြတ်သားပြပွဲများများ လုပ်ပြီးတော့မှ ဝယ်ပြီး အချောထည်ကို လုပ်ရမှာ။ အရိုင်းဖြတ်သားထက် စာရင် အဆပေါင်းများစွာ အကျိုးခံစားခွင့် ရှိတယ်။ အခုအချိန်အထိ နိုင်ငံတော်အစိုးရတွေက အားပေးမှုတွေ မလုပ်သေးဘူး။ လက်တွေ့ပိုင်းမှာ ငွေကြေးအများကြီး ထောက်ပံ့ရမယ်။ ဒါမှလည်း အောင်မြင်နိုင်မှာ"ဟု ဦးဇေလွှမ်းက ပြောသည်။

ကချင်ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များ အသင်း(မြစ်ကြီးနား) အနေဖြင့် ကျောက်စိမ်းအချောထည်လုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်ပြီး တရုတ်နိုင်ငံ၊ ပေါင်ရှန်းတက္ကသိုလ်မှ ပညာရှင်များကို ဖိတ်ခေါ်ကာ ပန်းပုပညာများ သင်ယူရန် သင်တန်းသား အယောက် ၁၀၀ ခန့် ခေါ်ယူခဲ့သော်လည်း စိတ်ဝင်စားသူ နည်းပါးခြင်းကြောင့် သင်တန်းသား ၁၉ ဦးသာ တက်ရောက်လေ့လာနေသည်ဟု ဦးဇေလွှမ်းထံမှ သိရသည်။ ■

စည်သူ(မြစ်ကြီးနား)








# ငှက်ပျောကားတွေကြောင့်

## သွားလာရခက်ခဲနေတဲ့ဝိုင်းမော်ဒေသခံတွေ

Ah Je မေးမြန်းသည်

**ဝိုင်းမော်မြို့နယ်ထဲက ကျေးလက်ဒေသတွေမှာ စိုက်ပျိုးထားတဲ့ တရုတ်တစ်သျှူးငှက်ပျောတွေကို သကြၤန်မတိုင်ခင်ကစလို့ ခုတ်ပြီး တရုတ်ပြည် ပြန်ပို့တဲ့ ငှက်ပျောသီးတင် ၂၂ ဘီးတွဲကားကြီးတွေ နေ့စဉ် ဖြတ်သန်းသွားလာနေတာကြောင့် ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဝိုင်းမော်ဒေသခံတွေက ပြောပြထားတာ ဖြစ်ပါတယ်။**



ထွန်းအောင်ကျော် (ဝိုင်းမော်)

ငှက်ပျောကားတွေက စည်းကမ်းမရှိဘူး။ မကြာခဏ ယာဉ်တိုက်မှုတွေဖြစ်တယ်။ ယာဉ်တိုက်မှုဖြစ်ပြီဆိုလည်း ငှက်ပျောကားတွေက ဖြစ်တာအများဆုံးပဲ။ သူတို့ကားကြီးတွေ ဆင်းလာပြီဆိုရင် ၁၀ စီး ၁၅ စီးလောက် စုပြီး ဆင်းလာကြတယ်ဆိုတော့ မြို့ထဲမှာ ပိုဆိုးတာပေါ့။ ကန်ပိုင်တည်လမ်းဆို ပိုဆိုးတာပေါ့။ အရင်တုန်းက ကန်ပိုင်တည်လမ်းသွားမယ်ဆိုရင် ခနလေးပဲ။ အခုက လမ်းမှာ ငှက်ပျောကားတွေ ပိတ်လို့ ၄နာရီ ၅နာရီလောက်မောင်းမှ ရောက်တယ်။ နောက်ပြီး သူတို့ကားတွေ ကျော်မယ်ဆိုရင် ၁၀ စီး ၁၅ စီးလောက် တစ်ခါတည်း ကျော်ရတာ။ အရမ်း အန္တရာယ်များတယ်။ ကန်ပိုင်တည်လမ်းမှာ ကားမောင်း မကျွမ်းကျင်ရင်တော့ မလွယ်ဘူး။ မြို့ထဲကသွားရင် ဖြေးဖြေးလေး စည်းကမ်းရှိရှိ သွားစေချင်တယ်။



ဦးဆိုင်းလီ (အောင်မြေ - ၂)

တစ်ခါတလေကျရင် ကျွန်တော်တို့ ရွှေညောင်ပင်ရွာကနေလာတဲ့ ငှက်ပျောကားတွေကြောင့် ကျွန်တော်တို့ တစ်နေရာရာသွားဖို့လည်း အကြာကြီး စောင့်နေရတယ်။ ကျွန်တော်တို့ အောင်မြေ(၁-၂)မှာ ဆိုရင် မနက်စောစောဈေးသည်တွေနဲ့ တရုတ်ငှက်ပျောကားတွေက အန္တရာယ်အရမ်းများတယ်။ ဒီဘက်မှာဆို အထိန်းအကွပ်မရှိ အဲ့ဒီကားတွေက အရှိန်လည်းများတော့ ဆိုင်ကယ်စီး ဘာစီး သွားလာရတာ အရမ်းခက်တယ်။ သူတို့ကားကြီးတွေ အစီး ၂၀-၃၀ လောက် ကျော်ပြီးမှ ကျွန်တော်တို့က ပြန်ကျော်ရတာ ဟုတ်တယ်။ ယာဉ်ထိန်းသိမ်းတဲ့သူလည်း မရှိဘူးဆိုတော့ ပိုဆိုးပြီပေါ့။ လူကလည်း စည်ကားလာတော့ အဲ့ကားတွေကို ဖြည်းဖြည်းမောင်းပေးဖို့ တာဝန်ရှိတဲ့လူတွေက ပြောပေးရင်တော့ အရမ်းကောင်းမယ်လို့ မြင်ပါတယ်။



လွှမ်းနော (ဝိုင်းမော်)

ငှက်ပျောကားတွေ မြို့ထဲက အရမ်းသွားကြလို့ ကျွန်မတို့ ကလေးတစ်ဖက်နဲ့ ဆိုင်ကယ်မောင်းရတဲ့ လူတွေဆို အရမ်းအန္တရာယ်များတယ်။ ဟိုတစ်ခါကဆို ကျွန်မတို့သားအမိတွေကို ကားက ကြိတ်ခါနီးပဲ။ အရမ်းကြောက်သွားတယ်။ တစ်ခါတလေ အိမ်နားက ငှက်ပျောကားတွေ အများကြီးဖြတ်လို့ အိမ်တောင်တုန်တယ်။ နောက်ပြီး ကျောင်းတက်ချိန်ဆို ကလေးတွေ ကျောင်းသွားကျောင်းလာလည်း အရမ်း အန္တရာယ်များတယ်။ ကျောင်းလမ်းပေါ်ကပဲ မောင်းတယ်။ တစ်ခါတလေဆိုရင် အရှိန် အရမ်းများတယ်။ အဲ့ဒီကားတွေက ကြောက်ဖို့ကောင်းတယ်။ ဟိုသွားဒီသွားလည်း အဆင်မပြေဘူး။ ဒါကြောင့် တရုတ်ကားကြီးတွေကို မြို့ပတ်လမ်းက သွားခိုင်းရင်တော့ အဆင်ပြေတာပေါ့။



ဒေါ်ခေါင် (ဝိုင်းမော်၊ဂူယာန်)

တရုတ်ငှက်ပျောကားတွေကြောင့် အရာရာ အရမ်းနောက်ကျတယ်။ တစ်ခုခုဆိုရင် ကိုယ်ရောက်ချင်တဲ့အချိန် အမြန် မရောက်ဘူး။ လမ်းက ကျဉ်းတဲ့ကြားက ကားကြီးတွေက တစ်ခါတလေ အများကြီးပိတ်နေတာ၊ ဆိုင်ကယ်တောင် သူတို့ကို ကျော်လို့မလွယ်ဘူး။ ကားတွေဆိုမပြောနဲ့တော့ ငှက်ပျောကားတွေ လမ်းမှာပိတ်နေလို့ အသင်းတော်က အစည်းအဝေးတောင် ခဏခဏနောက်ကျတယ်။ အရေးကြီးတာက အဲ့ကားကြီးတွေက အဲ့လမ်းပေါ်မှာ သွားလာနေတဲ့လူတွေအတွက် အသက်အန္တရာယ်အထိ အန္တရာယ်ဖြစ်လာနိုင်တယ်။ သူတို့တင်တဲ့ တန်ချိန်တွေလည်း မနည်းဘူးလေ။ ဒါကြောင့် လက်ရှိ အစိုးရက ဒီကားကိစ္စကို အမြန်ဖြေရှင်းပေးစေချင်တယ်။



ခေါင်နော (ဝိုင်းမော်)

ငှက်ပျောကားတွေက မြို့ထဲမှာဆိုလည်း အရှိန်မလျှော့ဘူး။ သွားလာနေတဲ့သူကို ဦးစားပေးတယ်ဆိုတာ မရှိဘူး။ ဆိုတော့ လွတ်လွတ်လပ်လပ် သွားလို့မရဘူး။ ကြောက်နေရတယ်။ အရင်ကဆို အေးဆေးပဲ။ ကန်ပိုင်တည်ဘက်ကို ခရီးသွားရင်လည်း အရင်ကဆိုရင် ၅ မိနစ်တောင် မကြာတဲ့နေရာက အခုဆို ငှက်ပျောကားတွေ ပိတ်လို့ ၂ နာရီလောက် စောင့်ရတယ်။ ခရီးသွားရတာ အရမ်းစိတ်ညစ်ရတယ်။ အဲဒီကားတွေကြောင့် ကားအသေးတွေက ကားကြီးတွေကို ပြန်ပြီး ဦးစားပေးနေရတယ်။ သူတို့ကားကြီးတွေကိုပဲ ဦးစားပေးပြီး သွားနေရတယ်။ အရင်ကဆိုလည်း ငှက်ပျောကားကြီးနဲ့ ကြိတ်ခါနီးပဲ။ ဆိုင်ကယ်ကို ဖြည်းဖြည်းမောင်းလို့တော်သေးတယ်။ နယ်စပ် ဂိတ်တွေမှာ ကားကျပ်တဲ့ဟာကို နည်းနည်း တာဝန်ရှိတဲ့လူတွေ ကြည့်ပေးရင်တော့ ကောင်းတယ်။

# ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း
# ရနှစ်မြောက်
# နှစ်ပတ်လည်ပွဲ ပြုလုပ်ကျင်းပ




မေ ၁၀

**မြန်**မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း (ကချင်ပြည်နယ်)၏ ၈ နှစ်မြောက်နှစ်ပတ်လည်နေ့၊ မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်းအခမ်းအနားကို မေလ ၁၀ ရက်က မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မသန်စွမ်းသူများအသင်း၏ နှစ်စဉ်နှစ်တိုင်း အခမ်းအနားကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများလိုအပ်နေသော မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ပညာသင်စရိတ်များ၊ ကျန်းမာရေးကူညီမှုများ ပေးအပ်ထောက်ပံ့လိုခြင်း၊မိမိနေအိမ်တွင် အားငယ်စွာ နေကြသော မသန်စွမ်းသူများ မသန်စွမ်းအချင်းချင်း တွေ့ဆုံခွန်အားပေးခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ပေးလိုခြင်း၊ မသန်စွမ်းအချင်းချင်း ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်တတ်လာစေရန် ရည်ရွယ်ချက်ဖြင့် အခမ်းအနားကို ပြုလုပ်ကျင်းပနေခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ကချင်ပြည်နယ်) အသင်းဥက္ကဋ္ဌ ဦးဂျီဖုံးဆောင်က ပြောသည်။

ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ ပြည်နယ်အတွင်းရှိ မသန်စွမ်းများကို မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ၊ အစိုးရလူမှုဌာန၊ အလှူရှင်၊ စေတနာရှင်ထံ အကူအညီ တောင်းခံပြီး ထောက်ပံ့ ပေးနေခြင်း၊ ကျောင်းနေ မသန်စွမ်းကလေးများကို မူလတန်းမှ တက္ကသိုလ်အထိ ပညာသင်စရိတ်ထောက်ပံ့ပေးနေခြင်း၊ စစ်ရှောင်စခန်းများရှိ မသန်စွမ်းသူများကို မသန်စွမ်းအဖွဲ့အစည်းများမှ သွားရောက်အားပေးစကား ပြောခြင်း၊ အထောက်အကူပြု ပစ္စည်းများ၊ အဝတ်အစားများ၊ အစားအစာများကို ထောက်ပံ့ပေးခြင်း၊ ဆေးရုံတက် မသန်စွမ်းသူများကို သက်ဆိုင်ရာ ဆရာဝန်များနှင့် ဆရာမများမှ အကူအညီရရှိရေးအတွက် သွားရောက်တင်ပြပေးခြင်း၊ အားကစား၊ သင်တန်းစေလွှတ်ခြင်း၊ ယှဉ်ပြိုင်စေခြင်း၊ မသန်စွမ်းသူများ၏ မိမိဘဝ မိမိရပ်တည်လာနိုင်စေရန် ရန်ကုန်တွင် အစိုးရ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်သော ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသ၊ အခြားလက်မှုပညာများ သင်ယူနိုင်ရန် ကြိုးစားစေခြင်း၊ ကချင်ပြည်နယ်အတွင်းရှိ ခြေတု၊ လက်တု မရရှိသေးသော မသန်စွမ်းသူများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC ခြေတုဆေးရုံနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးနေခြင်း၊ မသန်စွမ်းသူများ အတွက် အသင်းမှ အဘက်ဘက် ကြိုးစားဆောင်ရွက်ပေးနေရာတွင် ရုံးမြေနေရာ အတည်တကျ မရှိခြင်း၊ ရုံးသုံးကား၊ ကွန်ပျူတာ၊ ရန်ပုံငွေအခက်အခဲများ ကြုံတွေ့နေကြကြောင်း သိရသည်။

"ပြည်နယ်အစိုးရအဖွဲ့နဲ့ မိဘပြည်သူတွေကို အထူးတင်ပြတောင်းခံလိုတာက ကချင်ပြည်နယ်အတွင်းမှာ မသန်စွမ်းသူတွေ အရေးကို ဆောင်ရွက်ပေးမှု အားနည်းနေသေးတာကို တွေ့မြင်နေရပါတယ်။ မသန်စွမ်းအသင်းမှာ ၁၀ တန်းအောင်ပြီး ဘွဲ့ရတဲ့ မသန်စွမ်းကလေးတွေရှိပါတယ်။ သူတို့ကို သင့်တော်တဲ့နေရာတွေမှာ အလုပ်အကိုင် ပေးစေချင်ပါတယ်"ဟု အသင်းဥက္ကဋ္ဌဦးဂျီဖုံးဆောင်က ပြောသည်။

ထို့အပြင် မသန်စွမ်းအမျိုးအစားအလိုက် စာသင်ကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေး လိုအပ်နေခြင်း၊ မိမိဘဝ မိမိ ရပ်တည်၍မရဘဲ မိဘနေအိမ်တွင် မှီခိုနေကြသည့် မသန်စွမ်းသူများကို အမှီအခိုကင်းစွာ ဘဝရပ်တည်လာနိုင်ရန် အစိုးရလူမှုဝန်ထမ်းဦးစီးဌာနမှ အသက်မွေးဝမ်းကြောင်းပြု ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသ၊ ပို့စာပုံနှိပ်သင်တန်းများကို ပြည်နယ်အတွင်း ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း တောင်းဆိုခဲ့သည်။

ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ အနေဖြင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ရန်ကုန်)ရုံးချုပ်သို့ သွားရောက်ကာ သင်ကြားနေရသည်မှာ လမ်းခရီးအတွင်း သွားလာရအဆင်မပြေသည့်အတွက် မိမိနေထိုင်ရာ ဒေသအတွင်း ရှိစေလိုကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မသန်စွမ်းသုံး အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ချိုင်းထောက် ၁၅ စုံနှင့် ဝှီးချဲလ် ၄ စီးကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရန်ကုန်) ရုံးချုပ်နှင့် အလှူရှင်များကလည်းကောင်း၊ ကျောင်းနေသော မသန်စွမ်းကလေးများကို KG တန်းမှ တက္ကသိုလ်အထိ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် မသန်စွမ်းအသင်းရုံးသို့ ထောက်ပံ့သည့်ငွေ ၂၇ သိန်းကို ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။


မြန်မာတစ်နိုင်ငံလုံးတွင် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ၃၃ ရုံး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး၊ မသန်စွမ်းလူဦးရေ ၁၅၆၀၀ ကျော် ရှိကြောင်း၊ ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်းတွင် မသန်စွမ်းကတ်ရရှိသည့် မသန်စွမ်း ဦးရေ ၈၀၀ ကျော်ရှိပြီး အသင်းမဝင်သေးသည့်မသန်စွမ်း များစွာ ရှိနေသေးကြောင်း သိရသည်။ ■

မွန်းမွန်းပန်




# M▶vie view

**ယခုအပတ် ဧရာ(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**




**နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်**

**ပြုံသနာ**




**ညနေ ၃း၃၀ ပွဲချိန်တွင်**

**KESARI**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကလျာ

## သိထားသင့်သော စိတ်ကျရောဂါဆိုင်ရာ အမေးအဖြေများ

| | |
|---|---|
| စာရေးသူ | = ဒေါက်တာ ချမ်းမြေ့သူ |
| ထုတ်ဝေသူ | = စိတ်ကူးချိုချိုစာအုပ်တိုက် |
| တန်ဖိုး | = ၁၅၀၀ ကျပ် |




ညီထွန်းလင်း

**စိတ်**ကျရောဂါဆိုတာ လူတော်တော်များများ ကြားဖူးနေကျ ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ဒါပေမဲ့စိတ်ကျရောဂါအကြောင်းကို သေချာဂဃနဏသိသလားဆိုတော့ မသိကြပါဘူး။ တစ်ခါတရံ စိတ်ဓာတ်ကျပြီး မလုပ်ချင်မကိုင်ချင်ဖြစ်တာ၊ အားအင်ကုန်ခန်းပြီး မောပန်းနွမ်းနယ်တာနဲ့ စိတ်ရောဂါ Depression နဲ့က လုံးဝကို မတူပါဘူး။ ဒီစာအုပ်ထဲမှာ စိတ်ကျရောဂါနဲ့ ပတ်သက်တဲ့ အမေးအဖြေတွေကို ပြည့်ပြည့်စုံစုံ မေးဖြေထားပါတယ်။ စိတ်ကျရောဂါ ဖြစ်ပေါ်ပုံကနေ ကုသခြင်းအထိ ပါဝင်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ အဖြစ်များနေတဲ့ စိတ်ရောဂါတစ်မျိုးမို့ ဗဟုသုတရှိအောင် ဖတ်ရှုထားသင့်တဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

"အမေး။ စိတ်ကစဉ့်ကလျားဖြစ်ခြင်းနဲ့ စိတ်ကျရောဂါဟာ တွဲဖြစ်တတ်သလား။

အဖြေ။ စိတ်ဖောက်ပြန်ခြင်းကြာလာတဲ့အခါမှာ ဖြစ်တတ်တဲ့ စိတ်ကစဉ့်ကလျားရောဂါသည်မှာလည်း စိတ်ကျရောဂါ ဖြစ်လာနိုင်ပါတယ်။ ဒီရောဂါမျိုးဟာ စိတ်ကျရောဂါ လက္ခဏာရပ်တွေ မပေါ်လာမီ ၆ လလောက်အတွင်းမှာ ဖြစ်တတ်ပါတယ်။ ဒီရောဂါကို စိတ်ဖောက်ပြန်ခြင်းအတွက် ပေးတဲ့ ဆေးတွေပေါင်းပြီး ပေးနိုင်ပါတယ်။ တစ်ခါတရံမှာ စိတ်ကစဉ့်ကလျား ရောဂါဟာ ကလေးမွေးဖွားပြီးနောက် ပေါ်လာတတ်ပါတယ်။ ဒါကို စိတ်ကျရောဂါနဲ့ မမှားဖို့ သတိထားရပါမယ်။


အမေး။ စိတ်ဖောက်ပြန်ခြင်းကြောင့်ဖြစ်တဲ့ စိတ်ကျရောဂါနဲ့ စိတ်ကျရောဂါကြောင့်ဖြစ်တဲ့ စိတ်ဖောက်ပြန်ခြင်းရဲ့ ကွဲပြားခြားနားချက်ကဘာလဲ။

အဖြေ။ နှစ်ခုစလုံးအတွက် ကုသပုံခြင်း တူပေမယ့် ပြန်ကောင်းနိုင်ခြေကတော့ ကွဲပြားပါတယ်။ စိတ်ဖောက်ပြန်ပြီးမှ စိတ်ကျရောဂါ ဝင်သွားတဲ့ သူတစ်ယောက်ဟာ နာတာရှည်ဖြစ်တတ်ပြီး စိတ်ကျရောဂါ ဖြစ်ပြီးမှ စိတ်ဖောက်ပြန်တဲ့ လူတစ်ယောက်အဖို့ကတော့ ပြန်ကောင်းဖို့ လွယ်ပါတယ်။ စိတ်ဖောက်ပြန်ခြင်းက အရင်ဖြစ်တဲ့ ပြဿနာမျိုးကို ကုသခြင်းဟာ ပိုဆိုးမသွားအောင်၊ ဆေးရုံတက်ရတဲ့အကြိမ်အရေအတွက် နည်းအောင်၊ဦးတည်ပြီးကုသတာဖြစ်ပါတယ်။" ■

(စာ - ၅၉ မှ)

## အောင်မြင်မှု ပန်းတိုင်သို့ ခြေလှမ်း (၅၀)

| | |
|---|---|
| စာရေးသူ | = ဗန်းမော်သိန်းဖေ |
| ထုတ်ဝေသူ | = ပဉ္စဂံစာအုပ်တိုက် |
| တန်ဖိုး | = ၂၅၀၀ ကျပ် |




ညီထွန်းလင်း

**ဒီ**စာအုပ်ဟာ အင်္ဂလိပ်စာအုပ်နှစ်အုပ်ကို မှီးပြီး အင်တာနက်က အချက်အလက်တွေရယ်၊ ကိုယ်ပိုင်အတွေးအခေါ်တွေရယ်နဲ့ပေါင်းစပ်ပြီး ရေးထားတယ်လို့ ဆရာ ဗန်းမော်သိန်းဖေက ဆိုပါတယ်။ ဒီစာအုပ်ကို ဘယ်လိုဖတ်ရမလဲ ဆိုတဲ့ နည်းလေးကိုလည်း ပြောပြထားပါတယ်။ စာအုပ်တစ်အုပ်လုံးကို အစကနေ အဆုံးထိ အရင်ဖတ်ချင်ရင် ရပါတယ်။ တစ်အုပ်လုံး ဖတ်ပြီးသွားရင် အောင်မြင်ရေးနည်း တစ်ခုစီကို တစ်ပတ်တစ်ပုဒ်နှုန်း သို့မဟုတ် တစ်ရက်တစ်ပုဒ်နှုန်း ဖတ်စေချင်ပါတယ်။ ဖတ်ပြီးသွားတဲ့ အကြောင်းအရာကို နားမလည်ရင် နားလည်တဲ့အထိ ဖတ်ပါ။ တချို့ အောင်မြင်ရေးနည်းတွေဟာ ဖတ်လိုက်ရင် ချက်ချင်း သဘောပေါက်ဖို့ လွယ်ပေမယ့် တချို့နည်းတွေကျတော့ ဖတ်ပြီး တစိမ့်စိမ့်တွေးမှ သဘောပေါက်နိုင်ပါတယ်လို့ အကြံပေးပြောပြထားပါတယ်။

"ဘာတွေ တွေးတယ်၊ ဘာတွေ စဉ်းစားတယ်ဆိုတဲ့ သင့်စိတ်ကို သင်ထိန်းချုပ်လို့ ရပါတယ်။ ဒီတော့ စိတ်ကို မှန်မှန်ကန်ကန်တွေးတတ်အောင် ထိန်းချုပ်တတ်မယ်ဆိုရင် သင်ဟာ သူများတွေထက် သာလွန်တဲ့ စွမ်းအားကြီးတစ်ရပ်ကို ရရှိလာပါလိမ့်မယ်။

မှန်မှန်ကန်ကန် တွေးတတ်သူဟာ တခြားသူတွေတွေးခိုင်းတာမျိုးကို မလုပ်တတ်ဘူး။ အောင်မြင်သူတွေကို ကြည့်ပါ။ သူတို့မှာ မှန်မှန်ကန်ကန်တွေးပြီး ဆုံးဖြတ်တတ်တဲ့ အကျင့်တစ်ခု ရှိတယ်။ သူတို့ဟာ ဆုံးဖြတ်ချက်မချခင်မှာ လိုအပ်တဲ့ အချက်အလက်တွေကို ရှာဖွေစုဆောင်းတတ်ကြတယ်။ သူများတွေပြောတာ၊ အကြံပေးတာတွေကို နားထောင်တတ်ကြပါတယ်။ ဒါပေမဲ့ အဆုံးမှာ သူတို့ဘာသာ စဉ်းစားဆင်ခြင်ပြီး ဆုံးဖြတ်ချက် ချတတ်ကြတယ်။

မှန်မှန်ကန်ကန် တွေးတတ်သူဟာ စဉ်းစားရာမှာ အရေးကြီးတဲ့အဆင့်နှစ်ခုကို အမြဲတမ်း လုပ်တတ်တယ်။ ပထမအဆင့်က သူဟာ ရလာတဲ့ အချက်အလက်တွေထဲက ကောလာဟလတွေ၊ တစ်ဆင့်စကား တစ်ဆင့်ကြားလာပြီး အခြေအမြစ်မရှိတဲ့ သတင်းတွေ၊ တစ်ဖက်သတ် ပြောဆိုမှုတွေကို ဖယ်ထုတ်လိုက်ပါတယ်။ ဒုတိယအဆင့်မှာ သူဟာ ကျန်တဲ့ အချက်အလက်တွေကို နှစ်မျိုးနှစ်စား ခွဲခြားလိုက်ပြန်တယ်။ အရေးကြီးတာနဲ့ အရေးမကြီးတာတွေပါ။ အရေးကြီးတဲ့ အချက်အလက်တွေသာ သင့်ကို မှန်မှန်ကန်ကန်တွေးတတ်ဖို့ အထောက်အကူပြုပါလိမ့်မယ်။ ကျန်တဲ့ အချက်အလက်တွေဟာ အကျိုးမရှိလို့ မေ့ပစ်လိုက်ပါ။" ■

(စာ- ၈၆ မှ)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊
လဘန်ကောင်ကျေးရွာ၊အိမ်အမှတ် (၇၆) တွင်
နေထိုင်သော ဦးလယ်မယ်လေးကို
ဦးဇောင်းလွမ်းဟုမှားယွင်းခေါ်ဆိုနေသောကြောင့်
အမည်ရင်းအမှန်မှာ
ဦးလယ်မယ်လေး (၁/ဆလန (နိုင်) ၀၀၁၃၆၈)
ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်
အသိပေးကြေညာအပ်ပါသည်။

ဦးလယ်မယ်လေး
၁/ဆလန(နိုင်) ၀၀၁၃၆၈

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်၊
အိမ်အမှတ် (၂၃၆)တွင် နေထိုင်သော ဦးသန်းဝေ ကို
ဦးသန်းငွေဟု မှားယွင်းနေသောကြောင့်
အမည်ရင်းမှန်မှာဦးသန်းဝေ
(၁၁/ အမန(နိုင်) ၀၀၃၆၁၁)ဖြစ်ကြောင်းနှင့်
ဦးသန်းဝေ၏သား မောင်ဖုန်းဆားရဲအောင် ကို
မောင်ဖုန်းရှိုင်းအောင်ဟု မှားယွင်းနေသောကြောင့်
အမည်ရင်းမှာ မောင်ဖုန်းဆားရဲအောင်
(၁/ မကန(နိုင်) ၂၃၉၄၃၄) ဟု
ပြောင်းလဲခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။
ဦးသန်းဝေ (၁၁/ အမန(နိုင်) ၀၀၃၆၁၁)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု
မကာပင်ကျေးရွာ၊ရပ်ကွက်(၂)၊ အိမ်အမှတ် (၁၂)တွင်
နေထိုင်သောဦးဇင်လင်းအောင် ကို
ဦးအောင်အောင်ဟု ခေါ်ဆိုနေသောကြောင့်
အမည်ရင်းအမှန်မှာ ဦးဇင်လင်းအောင်
(၁၃/ လရန(နိုင်) ၁၉၉၇၀၅) ဟုပြောင်းလဲခေါ်ဆိုပေပါရန်
အသိပေးကြေညာအပ်ပါသည်။
ဦးဇင်လင်းအောင်
(၁၃/ လရန(နိုင်) ၁၉၉၇၀၅)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်
ဟိုပင်မြို့တွင်နေထိုင်သော
ဦးထွန်းဝင်းနှင့် ဒေါ်နုတင်တို့၏သမီး
ဟိုပင် အ.ထ.က (၁)၊ နဝမတန်း၌
ပညာသင်ကြားနေသော မယမင်းအိမ်၏
မွေးသက္ကရာဇ် အမှန်မှာ (၁၇.၂.၂၀၀၅) ရက်နေ့
ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးထွန်းဝင်းနှင့် ဒေါ်နုတင်

## ကက်သလစ်အသင်းတော်အတွင်းမှ ယေရှုးအသင်းဂိုဏ်း၏ လူမှုရေးအဖွဲ့အစည်းတစ်ခုက

# သုတေသနစာတမ်းဖတ်ပွဲပြုလုပ်



မေ ၈

**ကက်**သလစ် အသင်းတော်အတွင်း ယေဇူးအသင်းဂိုဏ်း၏ လူမှုရေးအဖွဲ့အစည်းတစ်ခုက ကချင်ပြည်နယ်ရှိ မြစ်ကြီးနားမြို့နှင့် မိုင်းနား စစ်ရှောင်စခန်းများမှ ကျောင်းနေအရွယ် စစ်ရှောင် ကလေးသူငယ်များနှင့် လူငယ်များ၏ ပညာရေးလက်လှမ်းရရှိမှု သုတေတနစာတမ်းဖတ်ပွဲကို မေလ ၈ ရက်နေ့ အောင်နန်းကက်သလစ်ဘုရားကျောင်းဝင်း၌ ပြုလုပ်ခဲ့သည်။

ယေဇူး အသင်းဂိုဏ်း၏ လူမှုရေးအဖွဲ့အစည်းသည် ဝိုင်းမော်မြို့နယ်၊ မိုင်းနား စစ်ရှောင်စခန်းနှင့် ပလန စစ်ရှောင်စခန်းမှ ကျောင်းသူ/သားများ၊ ကျောင်းသားမိဘများ၊ စခန်းတာဝန်ရှိသူများနှင့် ပညာရေးဝန်ဆောင်မှုပေးသော အဖွဲ့အစည်းကိုယ်စားလှယ်များ ၃၉၈ ဦးကို စုပေါင်းဆွေးနွေးခြင်း၊ တစ်ဦးချင်း ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ကာ ကလေးများ၏ ပညာရေးလက်လှမ်းမီမှု အခြေအနေကို စနစ်တကျလေ့လာသုံးသပ်နိုင်ရန် သုတေတနပြုလုပ်ခြင်းဖြစ်ကြောင်း၊ သုတေသနလုပ်ခြင်းဖြင့် ရရှိသော ရလဒ်များကို ပညာရေးနှင့် ပတ်သက်သော လုပ်ငန်းများတွင် ပြန်လည်ထည့်သွင်း အသုံးချနိုင်ရန် ဖြစ်ကြောင်း ယေဇူးအသင်းဂိုဏ်း၏ လူမှုရေးအဖွဲ့အစည်းအဖွဲ့ဝင် မရိုစလင်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

“ပညာရေး လက်လှမ်းမီမှုဆိုတာက ဘာအားသာချက်တွေ ရှိသလဲ၊ ဘာအားနည်းချက်တွေရှိသလဲ ဆိုတဲ့ဟာကို စနစ်တကျလေ့လာသုံးသပ်နိုင်ဖို့ရာအတွက် ပြုလုပ်ရခြင်းဖြစ်တယ်။ ကျွန်မတို့ အခု လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေကို ဒီထက် ပိုကောင်းအောင် သုတေတနရဲ့ Recommendation ထဲက လုပ်နိုင်တဲ့ဟာကိုထည့်သွင်းလုပ်ဆောင်သွားမယ်။ ဥပမာ- မိုင်းနားစခန်းက ဘော်ဒါဆောင်မှာနေတဲ့ ကလေးတွေကို Psycho Social Support Activity ဒီ (စိတ်ဓာတ်မြှင့်တင်ရေး) လုပ်ငန်းစဉ်တွေကို ဒီထက်ပိုပြီးတော့ ကောင်းကောင်း လုပ်သွားဖို့ ကျွန်မတို့စီစဉ်ထားတယ်” ဟု မရိုစလင်းကပြောသည်။

အဆိုပါ အဖွဲ့အစည်းအနေဖြင့် ယခုနှစ်မှစ၍ ပလန စစ်ရှောင်စခန်းရှိ ကလေးများ လာမည့်စာသင်နှစ်မှစပြီး ကောင်းမွန်စွာ စာသင်ကြားနိုင်ရန်၊ လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ရန်သာမက အခြားသော ဗဟုသုတများကိုပါ ထည့်သွင်း သင်ကြားနိုင်ရန် အစီအစဉ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

“အထူးသဖြင့် ဒီအစိုးရကျောင်းကို တက်နေတဲ့ စပ်ကူးမတ်ကူးကာလ ၄ တန်း၊ ၅ တန်း၊ ၆ တန်းပေါ့နော်။ ဒီကလေးတွေကနေဆက်ပြီးတော့ Community Learning Support Program လေးတော့ လုပ်ထားတယ်” ဟု ၎င်းက ပြောသည်။

သုတေသနစာတမ်းအရ အရေးကြီးဆုံးသည် ပညာရေးဖြစ်ကြောင်း၊ “အားလုံးအတွက် ပညာရေး” ဆိုသည့်အတိုင်း ဝေးလံခေါင်းပါးသည့်ဒေသမှ ကလေးများ၊ စစ်ရှောင်ကလေးများအတွက် လက်လှမ်းမီနိုင်သည့် အနေအထားဖြစ်စေ ကူညီပံ့ပိုးပေးရမည် ဖြစ်ပြီး ၎င်းတို့ အဖွဲ့အစည်းအနေဖြင့်လည်း တတ်နိုင်သလောက် ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် စိုးရိမ်မှုဟုဆိုရာ၌ အဓိက ငွေရေးကြေးရေးနှင့် စားဝတ်နေရေးဖြစ်သည်ဟု ယေဇူးအသင်းဂိုဏ်း လူမှုရေးအဖွဲ့အစည်း၏ သုတေတနစာတမ်းရလဒ်အရ သိရကြောင်း မရိုစလင်းထံမှ သိရသည်။

ထို သုတေသနပြု စာတမ်းပြုစုခြင်းကို လွန်ခဲ့သည့်နှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ခဲ့ပြီး ဒီဇင်ဘာလတွင် ပြုလုပ် ပြီးစီးခဲ့ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# ကျောက်စိမ်း တရားမဝင်တူးဖော်နေသူများကို စစ်ဆေး ဖမ်းဆီး



မေ ၉

**ဖားး**ကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု ဝါကဲ့ ကျောက်စိမ်းမှော်အတွင်း ကျောက်စိမ်း တရားမဝင်တူးဖော်နေသူများကို ရတနာနယ်မြေ လှည့်ကင်းစစ်ဆေးရေးအဖွဲ့မှ မေလ ၆ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း လုံးခင်းနယ်မြေရဲစခန်းမှ သိရသည်။

ယင်းသို့ တရားမဝင် ကျောက်စိမ်း တူးဖော်နေသူများသည် တောက်ပကြယ်အလင်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ သက်တမ်းကုန်လုပ်ကွက်၊ အကျိုးတူ(၃)ထဲတွင် ဝင်ရောက်တူးဖော်နေကြခြင်းဖြစ်ပြီး CAT 330 အမျိုးအစား ဘက်ဟိုးတစ်စီး၊ မြေသယ်ယာဉ်နှစ်စီးနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့သည်။

“ဖမ်းဆီးတာ ဟုတ်ပါတယ်။ အဖွဲ့က စုံစမ်းတာပါ။ တရားခံ သုံးဦး၊ ဘက်ဟိုးနဲ့ အခြား ဆက်စပ်ပစ္စည်းတွေကို သိမ်းဆည်းရရှိပါတယ်” ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်မှ အတည်ပြုပြောကြားသည်။

တူးဖော်သူများသည် မိုးကောင်းမြို့၊ ကျွန်းတောရပ်ကွက်နေ ဦးလယော်တူး၊ ကိုကျော်သူအောင်၊ ကိုမင်းဟိန်းတို့ဖြစ်ပြီး ယင်းတို့ကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)မှ ဦးနိုင်မိုးက တရားလိုပြုလုပ်ကာ (ပ) ၅၄/၁၉ ကျောက်မျက်ဥပဒေပုဒ်မ(၅၀)နှင့် အမှုဖွင့်အရေးယူထားကြောင်းလည်း လုံးခင်းနယ်မြေစခန်းမှူးထံမှ သိရသည်။

ယခုအစိုးရသစ် တက်လာသည့် နောက်ပိုင်းတွင် မြန်မာ့ ကျောက်မျက်ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သက်တမ်းကုန် လုပ်ကွက်များကို ထပ်မံ သက်တမ်းတိုးပေးခြင်းမရှိဘဲ သက်တမ်းရှိ လုပ်ကွက်များတွင် တရားဝင်တူးဖော်ခွင့် ပေးထားပြီး ယခုကဲ့သို့ဖမ်းဆီးထိန်းသိမ်းခြင်းမှာ ၃ ကြိမ်ခန့် ရှိပြီဖြစ်ကြောင်းလည်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

## ငြိမ်းချမ်းရေးနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်း

# အခမဲ့ တက်ရောက်နိုင်မည့် အခွင့်အရေး

မေ ၉

Naushawng Development Institute, Civic Engagement department မှ ဖွင့်လှစ်သင်ကြားမည့် နိုင်ငံသားဆိုင်ရာ အသိပညာ၊ ငြိမ်းချမ်းရေးနှင့် လူငယ်ဖွံ့ဖြိုးရေး သင်တန်းကို ဝိုင်းမော်မြို့နယ်၊ မုတ်ကျိတ်ကျေးရွာတွင် ဇွန်လ ၁၈ ရက်နေ့မှ ဩဂုတ် ၁ ရက်နေ့ထိ အခမဲ့ တက်ရောက်နိုင်ကြောင်း Civic Engagement department က စီမံကိန်း ညှိနှိုင်းဆောင်ရွက်သူ (project coordinator) ဦးဆန်အောင်က ပြောသည်။

လက်ရှိဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့ကို ပိုမိုသိရှိနားလည်ပြီး ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်သော လူ့အသိုက်အဝန်း ဖြစ်ပေါ်လာနိုင်ရန်၊ လူငယ်များအနေဖြင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို သိရှိနားလည်လာကာ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် လူငယ်များဖြစ်ပေါ်လာရန် ရည်ရွယ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ဦးဆန်အောင်က ပြောသည်။

"peace process မှာ ပါဝင်တဲ့ လူငယ်တွေက peace process သဘောတရားများကို သိရှိနားလည်လာပြီး ပါဝင်လာနိုင်တဲ့ လူငယ်များဖြစ်ရန်၊ peace process ဆိုတဲ့အထဲမှာ ကိုယ့်မိသားစု၊ ကိုယ့်ရဲ့လူမှုအသိုင်းအဝိုင်းထဲက peace actors တွေက တစ်ဆင့်တစ်ဆင့် national level အထိ ရောက်လာနိုင်ရန် ပေါ့" ဟု ၎င်းက ပြောသည်။

ယင်း သင်တန်းသည် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး အသက် ၁၇ နှစ်အထက် လူငယ်များက မိမိ၏ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစေလိုသော လူငယ်များ၊ ဒီမိုကရေစီတည်ဆောက်မှု အခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်လိုသူနှင့် တက်ကြွလှုပ်ရှားသည့် လူငယ်များ လာရောက် လျှောက်ထားနိုင်ကြောင်းနှင့် ဖောင်ဖြည့်ရန် ထောက်ခံစာ လိုအပ်ကြောင်းလည်း ဦးဆန်အောင်က ဆက်လက်ရှင်းပြသည်။

"leadership roll ဘက်ကို ရောက်နိုင်တဲ့ လူငယ်တွေ ဖြစ်လာနိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် ၁၀ တန်းအောင်ပြီး အထက်လို့ သတ်မှတ်လိုက်တာ ဟုတ်တယ်။ ထောက်ခံစာဆိုတာက အကျင့်စာရိတ္တကို ထောက်ခံချက် ပေးနိုင်တဲ့ တစ်ခုခုပေါ့။ အသင်းတော်ကနီးစပ်ရင် အသင်းတော်က recommendation လည်း ရပါတယ်"ဟု ပြောသည်။

သင်တန်းချိန် နံနက်ပိုင်းတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့၊ ကျား/မဆိုင်ရာ အခွင့်အရေးများ သင်ကြားပေးမည်ဖြစ်ပြီး ညနေပိုင်းတွင် အင်္ဂလိပ်စာကို ထည့်သွင်း သင်ကြားပေးသွားမည်ဖြစ်ကာ အခြားအစီအစဉ်များအနေဖြင့် လေ့လာရေးခရီးတို့နှင့် ပညာရှင်များကို လည်းဖိတ်ခေါ်၍ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စိတ်ဝင်စားသည့် လူငယ်များ လျှောက်ထားလိုပါက naushawng.civic@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်သည်သာမက ၀၉၂၅၆၃၄၉၂၃၀ သို့ ရုံးချိန်အတွင်း မေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

## သူနာပြု၊ သားဖွား ဒီပလိုမာ

# သင်တန်းသားသစ် ခေါ်ယူ




**နှစ်**စဉ်ခေါ်ယူနေကျ ဖြစ်သော သူနာပြုနှင့် သားဖွား ဒီပလိုမာသင်တန်း (၂၀၁၉-၂၀၂၀ခုနှစ်)အတွက် သင်တန်းသားသစ်များ ခေါ်ယူနေကြောင်း ကချင်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနရုံးမှ သိရသည်။

သင်တန်းလျှောက်လွှာများကို မည်သည့် တိုင်းနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် မြို့များရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ဂျူလိုင်လ ၁၇ ရက် နောက်ဆုံးထား ပေးပို့ရန် ကြေညာထားသည်။

လျှောက်ထားလိုသူများသည် ၂၀၁၉ ခုနှစ် မတိုင်မီ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ၊ လျှောက်လွှာပိတ်သည့် ဂျူလိုင် ၁၇ရက်တွင် အသက်(၂၅)နှစ်ထက် မကြီးသူ၊ အိမ်ထောင်မရှိသူ၊ အနည်းဆုံး အရပ် ၅ ပေရှိသူ၊ ကျန်းမာရေး ကောင်းမွန်သူ အစရှိသော အရည်အချင်း သတ်မှတ်ချက်များ ပါရှိသည်။

ထို့အပြင် သင်တန်းတက်ရောက်စဉ်အတွင်း ပညာသင်ထောက်ပံ့ကြေး အဖြစ် (၁)လလျှင် ကျပ် ၃၀၀၀၀ ပေးမည်ဖြစ်ပြီး သင်တန်းစည်းကမ်းများကို ဖောက်ဖျက်၍ ပြီးဆုံးအောင်မတက်ရောက်ပါက ဒဏ်ကြေး ပေးလျော်ရမည် ဖြစ်ကြောင်းလည်း သိရသည်။

သင်တန်း တက်ရောက်ခွင့်ရသူများကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ဒုတိယအပတ်တွင် ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ နေပြည်တော်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် ကြေညာမည်ဖြစ်သည်။

၂၀၁၇-၂၀၁၈ ခုနှစ်က မြစ်ကြီးနားတွင် သူနာပြုသင်တန်းသား ဦးရေ ၁၆၀ ဦး၊ ဗန်းမော်တွင် ၈၀ ဦးနှင့် မြစ်ကြီးနားမှ သားဖွား ၁၀ ဦးတို့ တက်ရောက်နေကြကြောင်း မြစ်ကြီးနားသားဖွားသင်တန်းကျောင်းမှ သိရသည်။ ■

Ann

## အများပြည်သူ အသုံးပြုနေသည့်

## ဒွမ်ဘန်ချောင်းအထက်ပိုင်းတွင်

# သတ္တုတူးဖော်မှုကြောင့်

## ဒေသခံများ အခက်ကြုံနေ

မေ ၁၀

**ဝိုင်း**မော်မြို့နယ် မန်ဒေါင်ကျေးရွာရှိ ဒွမ်ဘန်ချောင်းရေ မသန့်ရှင်းမှုကြောင့် ကျေးရွာသူ/သားများ အခက်အခဲ ဖြစ်နေကြောင်း သိရသည်။

အဆိုပါချောင်း၏ အထက်ပိုင်း ချောင်းဖျားဘက်တွင် သတ္တုတူးဖော်ခြင်းနှင့် ရွှေကျင်ခြင်းတို့ကြောင့် ထိုသို့ ရေများ နောက်နေခြင်းဖြစ်ကြောင်း မန်ဒေါင်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ချောင်းသည် ဒေသခံများ သောက်သုံးရန်နှင့် ခိုင်းကျွဲ၊ နွားများအတွက် သောက်ရေဖြစ်သည့်အပြင် ထိုချောင်းတွင် ငါးရှာခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများလည်း ရှိသဖြင့် ဒေသခံများမှအခက်အခဲဖြစ်နေခြင်း ဖြစ်ကြောင်း သိရသည်။

"တစ်နှစ်လုံး နောက်နေတာ ကော်ဖီရောင်ထက် ဆိုးတယ်။ ဘာမှသုံးလို့မရဘူး။ ဘယ်လိုမှ လုပ်လို့မရဘူး။ အရင်ကဆို သန့်ရှင်းနေတာပဲ"ဟု ၎င်းက ပြောသည်။

ယခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ရေများနောက်ကျိလာခြင်းဖြစ်ပြီး မန်ဒေါင်ကျေးရွာအုပ်စုရှိ ဒွန်ဘမ်၊ ချောင်းဆုံ၊ ဇွပ်ရာ ကျေးရွာတို့မှ အိမ်ခြေ ၁၀၀ ခန့်လည်း မှီခိုအသုံးပြုနေကြောင်း သိရသည်။

ထိုသို့ ချောင်းရေများ နောက်ကျိလာခြင်းက ဒေသခံတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေရုံသာမက သောက်သုံးမိသော ပြည်သူတို့၏ ကျန်းမာရေးကိုပါ ထိခိုက်မှုများ ရှိနေသည်ဟု ဒေသခံ ဒေါ်ရွှယ်အောင်က ပြောသည်။

"အရင်ကဆို အဲ့ဒီကရေကို ခပ်သောက်ရတယ်။ အခုတော့ ဘယ်လိုမှမရဘူး။ တစ်ရွာလုံးက အဲ့ဒီချောင်းရေတွေပဲ သုံးနေတယ်ဆိုတော့ အခုလိုရေက ဘယ်လို သုံးလို့မရတဲ့ အခြေအနေ ဖြစ်သွားတော့ တော်တော်ခက်ခဲတာပေါ့"ဟု ၎င်းက ပြောသည်။

ချောင်းအထက်ပိုင်းတွင် သတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်နေသည့် ချောင်းရေ နောက်ကျိမှုကို တာဝန်ရှိ အစိုးရဌာနများမှ ကွင်းဆင်းစစ်ဆေးပြီး ချောင်းရေသန့်ရှင်းအောင် အကူအညီပေးစေလိုသည်ဟု ဒေသခံတို့က ပြောသည်။ ■

Ah JE

## ယခုလ နောက်ဆုံးအပတ်တွင် အခြေခံပညာ ကျောင်းသားများ

# ကျောင်းအပ်နှံနိုင်ပြီ



မေ ၁၀

အခြေခံပညာကျောင်းသူ/သားများသည် လာမည့် ပညာသင်နှစ်အတွက် မေလ ၂၅ ရက်မှ စတင်ကာ ကျောင်းအပ်နှံရတော့မည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

မူလတန်းမှ အထက်တန်းဆင့်အထိ ကျောင်းအပ်နှံရာတွင် ယခင်နှစ်က အတန်းအောင်လက်မှတ်သာ ယူဆောင်လာရန် လိုအပ်ပြီး ငွေကြေးတစ်စုံတစ်ရာ ပေးဆောင်ရန်မလိုအပ်ဘဲ အခမဲ့အပ်နှံနိုင်မည်ဖြစ်ကာ ပုံနှိပ်စာအုပ်များကိုလည်း အခမဲ့ ပေးဝေသွားမည်ဖြစ်သည့်အပြင် မူလတန်းကျောင်းသားများကို ကျောင်းသုံးဗလာစာအုပ် တစ်ဒါဇင်စီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းပြောင်းလာမည့် ကျောင်းသားများသည် TC (ကျောင်းပြောင်းလက်မှတ်) နှင့် CPR (အရည်အချင်းစစ်လက်မှတ်) တို့နှင့်တကွ လာရောက်အပ်နှံရမည် ဖြစ်ကာ အစိုးရမဟုတ်သော ပုဂ္ဂလိကကျောင်းများမှ အောင်မြင်ထားပြီး အစိုးရကျောင်းသို့ကျောင်းပြောင်းလိုသူများသည် အရည်အချင်းစစ်စာမေးပွဲ ပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ယခုစာသင်နှစ်တွင် ဒုတိယတန်းနှင့် ပဉ္စမတန်းကို သင်ရိုးသစ်ဖြင့် သင်ကြားသွားမည်ဖြစ်ရာ သင်ရိုးညွှန်းတမ်းအသစ်တွင် အလွတ်ကျက်မှတ်ရသည့် စနစ်မဟုတ်ဘဲ စဉ်းစားတွေးခေါ်မှုစွမ်းရည်၊ တီထွင်ဖန်တီးမှုစွမ်းရည်များ တိုးတက်စေမည့် သင်ရိုးများကို သင်ကြားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောသည်။

ထို့အပြင် ယခုနှစ်တွင် စတင်သင်ကြားမည့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် တိုင်းရင်းသားစာပေ သင်ရိုးမူကြမ်းတို့ကို မေလ တတိယပတ်အတွင်း အစိုးရအဖွဲ့၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား မိဘများကို တင်ပြအတည်ပြုပြီး သင်ကြားရေး ဆရာများကို ကျောင်းဖွင့်ချိန်အမီ သင်တန်းများပို့ချကာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် Grade 5, 9, 11 မှလွဲ၍ ကျန်အတန်းများသည် ၂၀၂၀ မတ်လ ၃၁ ရက်အထိ တက်ရောက်ရမည်ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောခဲ့သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ တရားဝင်စာ ထုတ်ပြန်ခြင်း မရှိသေးကြောင်း ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။ ■

Ann

## နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့် သုံးကြိမ်တွင် မိုးညှင်းအကျဉ်းထောင်မှ

# အကျဉ်းသား ၁၈၄၁ ဦးလွတ်မြောက်

မေ ၁၀

မြန်မာနှစ်ဆန်းတစ်ရက်မှစ၍ နိုင်ငံတော်သမ္မတ အမိန့်ဖြင့် အကျဉ်းသားများ လွတ်ငြိမ်းသက်သာခွင့် သုံးကြိမ် ပေးခဲ့ရာတွင် မိုးညှင်းအကျဉ်းထောင်မှ အကျဉ်းသား စုစုပေါင်း ၁၈၄၁ ဦး လွတ်မြောက်ခဲ့ကြောင်း မိုးညှင်း စံပြအကျဉ်းထောင်မှ သိရသည်။

မိုးညှင်းအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူများအနက် သက်ကြီးရွယ်အိုများ၊ နာတာရှည် ကျန်းမာရေး မကောင်းသူများ၊ အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူ အကျဉ်းသားများကို ရွေးချယ်ရေးမူဝါဒနှင့်အညီ စနစ်တကျ စိစစ်ခဲ့ပြီး ဧပြီလ ၁၇ နေ့က ၅၁၅ ဦး၊ ဧပြီလ ၂၆ ရက်နေ့က ၁၃၂၄ ဦး၊ မေလ ၇ ရက်နေ့က ၂ ဦး စုစုပေါင်း ၁၈၄၁ ဦး ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း မိုးညှင်းအကျဉ်းဦးစီးဌာနမှ ထောင်ပိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့သူများထဲတွင် နိုင်ငံရေး အကျဉ်းသားများဖြစ်သည့် (ABSDF) ဒီမိုကရက်တစ်တပ်ဦး (မြောက်ပိုင်း) ဒု-ဥက္ကဋ္ဌ ဖြစ်သူ ကိုအောင်ဆွေဦးနှင့် အဖွဲ့ဝင် ကိုမောင်ဦးတို့ ပါဝင်ပြီး ကျန်အကျဉ်းသားများမှာ မူးယစ်သုံးစွဲမှုနှင့် လက်ဝယ်တွေ့ရှိမှုတို့ဖြင့် ထောင်ကျခဲ့သူအများစု ပါဝင်ကြောင်း သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Administrative Assistant (WATHAB)**

**Reference Number: WATHAB_MYI_2019001**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- You will responsible for the well-functioning and well-running of the office management (E.g. reception, stationary, library, inventory and maintenance requests).
- You will liaise with other departments for all administrative matters related to project.
- You will perform various office works such as typing, filing, mail preparation and distribution, photocopies, updates of lists, requisition orders.
- You will assist the staff in compiling project documents, archiving documents and electronic files.
- Furthermore, you will assist in the preparation and organization of events such as seminars and trainings.
- You will help the Geographic Information System (GIS) officer to perform data management tasks and assist in developing and maintaining database management systems.
- You will translate and prepare correspondence from/to English and Myanmar language.
- As part of your administrative and financial responsibility, you will prepare invoice claims and budget follow up.

**Required profile**

- It is required to have a high school / secretary diploma or a degree in a relevant discipline.
- You should have first work experience in the relevant field and proven ability to organize tasks and meet deadlines.
- You should have good computer skills with profound practical knowledge of Microsoft Office and proficiency with Excel or other database software is a clear asset for this position.
- You should feel confident in managing administrative work and coordinating with various counterparts.
- You should be a stable and robust character, and a good team player.
- You should have excellent communication skills and fluent in written and spoken English and Myanmar language.
- Previous ICRC experience is a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **27 June 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

# ၃နှစ်ကြာမှ ပရိသတ်ရှေ့တတိယမြောက် တစ်ကိုယ်တော်တေးစီးရီးနဲ့ ပြန်လည်ရောက်ရှိလာတဲ့ တေးသံရှင် ကာရိန်ကိုင်ဒင်



မေ ၉

ကချင်နာမည်ကြီးအဆိုတော် Kareng Kai Din ၏ 'Hpa Ta?' အမည်ရ တတိယမြောက် တစ်ကိုယ်တော်စီးရီးခွေသည် ဧပြီလ ၁၃ရက်နေ့တွင် စတင်ထွက်ရှိခဲ့ပြီဖြစ်ပြီး ကချင်ပြည်နယ် တစ်ပြည်နယ်လုံးရှိ သက်ဆိုင်ရာခွေဆိုင်များ၌ ဝယ်ယူအားပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တစ်ကိုယ်တော်တေးစီးရီးကို နာမည်ကြီးတေးရေးဆရာများဖြစ်သော Karu Zeng, G Zung Ki, Hkindu Mut Naw, Lasham Tu Mai, Seng Ni( Blast), Lasham Hka Li, Ann Naw, Hpaujang Brang San, Sd Dee Dang Lun တို့မှ ပုံဖော်ရေးစပ်ထားသည့် သီချင်းပုဒ်ရေ(၁၃)ပုဒ် ပါရှိသည်။

သုံးနှစ်ကြာမှတစ်ဖန်ပြန်လည်ထွက်ရှိသော သူမ၏ ယင်းတေးစီးရီးအတွက် တစ်နှစ်ဝန်းကျင်ခန့်အချိန်ယူခဲ့ရကြောင်းနှင့် ၎င်းတွင် Pop, Rock, Rap အစရှိသော သီချင်းအမျိုးအစား စုံစုံလင်လင်ဖြင့် သီဆိုထားသော အချစ်သီချင်း၊ အမျိုးသားရေး၊ အနုပညာနှင့်ပတ်သက်သော အကြောင်းအရာများ အစရှိသည်တို့ကို ပုံဖော်သီဆိုထားသည့် သီချင်းများ ပါဝင်ကြောင်း အဆိုတော် Kareng Kai Din က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ပရိသတ်တွေရဲ့ အကြိုက် သီချင်းပုံစံကိုလည်း ထည့်ပေးထားတယ်။ ကိုယ်ကြိုက်တာလည်း ထည့်ထားတယ်။ သီချင်းအမျိုးအစားစုံအောင် လုပ်ထားတယ်။ အနုပညာနဲ့ ပတ်သက်တဲ့ဟာက ကိုယ့်ပြည်နယ်မှာ သာမက ပြည်ပထိ ထိုးဖောက်နိုင်တဲ့သူများ ဖြစ်စေဖို့ဆိုပြီး ရည်ရွယ်ချက်နဲ့ သီဆိုထားတဲ့ဟာလည်း ပါမယ်။ စုံတွဲသီချင်း နှစ်ပုဒ်ပါမယ်။ မရန်ဆိုင်းနော်နဲ့ တွဲဆိုထားတာရယ်။ Rapper ဘရန်ဆန့်နဲ့ တွဲဆိုတာရယ်ပေါ့။ Kareng ပွဲအမီ လုပ်မယ်ဆိုပြီးလုပ်တော့ လောလောနဲ့ လုပ်ခဲ့ရတယ်" ဟု Kareng Kai Din က ပြောသည်။

သူမအနေဖြင့် ကာလအတန်ကြာ တစ်ကိုယ်တော်သီချင်းခွေ ထွက်ရှိခြင်း မရှိတော့ခြင်း၊ အမြတ်အစွန်းကိုမျှော်မှန်း၍ ထုတ်လုပ်ခြင်းမဟုတ်ဘဲ အမှတ်တရတစ်ခုအဖြစ် ထုတ်လိုခြင်းဖြစ်ကြောင်းနှင့် ၎င်းအတွက် သူမကိုယ်တိုင် ကြိုးစားအားထုတ်မှုများ ပိုမိုလုပ်ဆောင်ထားကြောင်း Kareng Kai Din က ဆက်လက်ပြောသည်။

"ကြိုးစားတာကတော့ ဒီတစ်ခါကတော့ ခါတိုင်းထက်ပိုပြီး ကိုယ်ကိုယ်တိုင် အရမ်းကြိုးစားထားတယ်။ သီချင်းကတော့ ခွေသာ မထုတ်တာပေါ့နော် သီချင်းဆိုတာကတော့ အမြဲတမ်းဆိုနေတယ်။ အဓိက ကတော့ ကိုယ်က အသက်လည်းကြီးလာပြီ အသံကလည်း အသက်ကြီးသံ ပေါက်လာတော့မယ် ဆိုတော့ ကိုယ်ဆိုနိုင်သေးတဲ့ အရွယ်မှာ အမှတ်တရတစ်ခု ဖြစ်စေဖို့ ကြိုးစားပြီး လုပ်တာပေါ့လေ။ သီချင်းဆိုချင်တဲ့ စိတ်ကတော့ ဘယ်တော့မှ မကုန်ဘူး"ဟု ၎င်းက ဆိုသည်။

"Hpa Ta?" သီချင်းခွေကို ဧပြီလ(၁၃)ရက်နေ့မှ စတင်ကာ ကချင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာခွေအရောင်းဆိုင်များ၌ တစ်ခွေ နှစ်ထောင်ကျပ်ဖြင့် ဝယ်ယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ ■

Benadeth

High Class
AKZ GROUP
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# Miss International Kachin State 2019




## ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် အလှမယ်များ လျှောက်လွှာခေါ်ယူ

မေ ၈

**မြစ်**ကြီးနားမြို့တွင်ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပမည့် Miss International Kachin State 2019 ပြိုင်ပွဲကြီးအတွက် လျှောက်လွှာများကို မေလ တစ်ရက်နေ့မှစ၍ ထုတ်ယူလျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

Stellar Seven Entertainment ၏ ခွင့်ပြုချက်ဖြင့် ယင်းပြိုင်ပွဲကြီးကို ပြုလုပ်ခြင်းဖြစ်ကာ ကချင်ပြည်နယ်အတွင်းရှိ စိတ်ပါဝင်စားသော အမျိုးသမီးများအနေဖြင့် အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်းရှိ အိမ်ထောင်မကျဖူးသူ၊ အရပ် ၅ ပေ ၃ လက်မနှင့်အထက် ရှိသူ၊ ပညာအရည်အချင်း အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အင်္ဂလိပ်စကားအသင့်အတင့် ပြောဆိုနိုင်သူဖြစ်ရန်တို့ လိုအပ်ပြီး မွေးရာပါအမျိုးသမီးတစ်ဦးဖြစ်ရမည်ဟုလည်း ထည့်သွင်းသတ်မှတ်ထားသည်။

ပြိုင်ပွဲတွင် တူညီဝတ်စုံ၊ ကချင်ဝတ်စုံ၊ ညနေခင်းဝတ်စုံ (Evening Gown) ၊ ရေကူးဝတ်စုံ (Swim Suit) တို့ဖြင့် အဆင့်လိုက်ယှဉ်ပြိုင်မှုများ ပါဝင်သွားမည်ဖြစ်ရာ ယင်းဝတ်စုံများအတွက် Organization မှ တာဝန်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လာရောက် လျှောက်ထားသူများကို လူတွေ့စစ်ဆေးကာ Finalist အယောက် ၂၀ ကို ထပ်မံရွေးချယ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇွန်လ ၂၂ ရက်နေ့၌ ပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် စိတ်ဝင်စား၍ ကြိုးစားချင်စိတ်ရှိသော အလှမယ်များကို လာရောက်လျှောက်ထားစေလိုကြောင်း ပွဲစီစဉ်ဦးစီးသူ Regional Director Ah Brang က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကချင်ပြည်နယ်အနေနဲ့ ပွဲလုပ်ပြီး ကျင်းပတာတော့ ဒီနှစ်က ပထမဦးဆုံးအကြိမ်ဖြစ်တယ်။ ကချင်ပြည်နယ်သားမှန်ရင် ကချင်ပြည်နယ်မှာရှိတဲ့ အမျိုးသမီးတွေ အားလုံးကို လာပြိုင်စေချင်ပါတယ်။ ဘာလို့ဆို ဒါက ပွဲကြီးတွေထဲက တစ်ပွဲဖြစ်တဲ့အတွက် ပွဲစဉ်တစ်လျှောက်မှာလည်း စိတ်ဝင်စားစရာကောင်းတဲ့၊ အကျိုးရှိတဲ့ လှုပ်ရှားမှုတွေလည်း ပါဝင်သွားမှာပါလို့။ ကြိုးစားချင်တဲ့ လူတိုင်းကို ဖိတ်ခေါ်ပါတယ်" ဟု Ah Brang က ပြောသည်။

Miss International Kachin State 2019 ပြိုင်ပွဲကြီးတွင် Winner သုံးဦးကို တစ်ပြိုင်နက် ရွေးချယ်သွားမည်ဖြစ်ပြီး Winner ဆုရရှိသူ တစ်ဦးလျှင် ဆုကြေးငွေကျပ် ၁၀ သိန်းနှင့် သရဖူပိုင်ဆိုင်ခွင့်အပြင် ရန်ကုန်မြို့တွင် ကျင်းပမည့် Miss Myanmar International 2019 ပြိုင်ပွဲကြီးသို့ Regional Organization ပံ့ပိုးမှုနှင့်အတူ သွားရောက်ယှဉ်ပြိုင်ခွင့်တို့ကိုလည်း ရရှိသွားမည်ဖြစ်သည်။

ယင်းဆုများအပြင် Title ဆုများအဖြစ် Miss Popular, Miss Congeniality, Miss Photogenic, The Best Body, The Best Swimsuit, The Best Talent ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့သို့ ဆက်လက် သွားရောက်ယှဉ်ပြိုင်သည့်အခါ Winner ဆု ထပ်မံရရှိပါက ဂျပန်နိုင်ငံ၌ ကျင်းပမည့် Miss International Beauty Pageant 2019 ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် အတူ ပြည်တွင်း၊ ပြည်ပတွင် ကျင်းပသော ခရီးသွားပြပွဲများ၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် တက်ရောက်ခွင့် အခွင့်အရေးများကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။


Miss International Kachin State 2019 ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်လိုသော ကချင်ပြည်နယ်အတွင်းနေလူမျိုး၊ ဘာသာပေါင်းစုံမှ အလှမယ်များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို Hammer Gym, Confidence Beauty Spa, Designer ah Hpung, 99 Gym, Ah Brang (makeup artist), Tsin Tsin Beauty Spa တို့၌ ရယူနိုင်ပြီး မေလ (၂၉)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပြီဖြစ်သည်။ ■

Benadeth


ခေတ်မီ RO, Ozone & UV System စက်ကြီးများဖြင့် ထုတ်လုပ်ထားသည့်
ခါကာဘိုရာဇီ
သဘာဝစိမ့်စမ်း သောက်ရေသန့်
FDA ထောက်ခံချက်အမှတ် စ၁/၁၉၁၆၀၆/ထလ
ယခင် Spring Water ဘူးသေးများအပြင် RO ရေသန့်ဘူးသေးများကို 0.33, 0.55, 1 Liter အစရှိသော ဘူးဒီဇိုင်းသစ်များဖြင့် စျေးနှုန်းချိုသာစွာ ထပ်မံထုတ်လုပ် ထားပါသည်။
ရေသန့်ဘူးများကို ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ထိတွေ့မှု မရှိအောင် ဘူးအစွပ်များစွပ်၍ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးနေပါသည်။
ဘူးသစ်ဒီဇိုင်းသစ်နဲ့ RO ရေသန့်ဘူးသေးတွေရပြီနော်
အရေအတွက်ပေါ်မူတည်၍ FOC လည်းပေးနေပါပြီ။
R.O Water
Spring Water


FORLAND
ကိုအိုက်ဖိုး
ကားနှင့်ကားအပိုပစ္စည်းမျိုးစုံ ဖြန့်ဖြူးရောင်းချရေး
ကိုအိုက်ဖိုး
FORLAND
လက်ငင်း၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပါသည်။
FORLAND
FOTON


SEVEN-ONE
BATTERY ဆိုင်ကယ်၊ Auto ဆိုင်ကယ်နှင့် အပိုပစ္စည်းအမျိုးမျိုး လက်လီ၊ လက်ကားရရှိနိုင်သည်။
အိမ်တိုင်ရာရောက် (လက်ခမဲ့) စိတ်တိုင်းကျပြုပြင်ပေးပါသည်။
SEVEN-ONE
SEVEN-ONE
ဖုန်း - 09450049707, 09771669702
Wechat : duanbikang7-1
BATTERY ဆိုင်ကယ် AUTO ဆိုင်ကယ် အမျိုးမျိုး
လက်လီ / လက်ကား ရောင်းဝယ်ရေး
✱ အထူးလျှော့စျေး ✱ နွေရာသီ အထူး PROMOTION ✱
၅.၅.၂၀၁၉ မှ ၁.၆.၂၀၁၉ အထိ
"အရစ်ကျစနစ်" ဖြင့်လည်း ရောင်းချပေးနေပါသည်။


HAI + WAR
HOT POT & BBQ
အရသာ ၆ မျိုးရှိသော HOT POT ဟင်းရည်များကိုလူကြိုက်များတဲ့စိတ်တိုင်းကျရွေးချယ်သုံးဆောင်နိုင်ပါသည်။
HAI + WAR
HOT POT & BARBECUE
✱ မိသားစုအတွင်းမှ အသက် ၆၅ နှစ်အထက်ကို HAI + WAR မှဂါရဝပြုသည့်အနေဖြင့် Buffet Free ပေးသွားမှာဖြစ်ပါတယ် ✱
Birthday Promotion
မွေးနေ့အထိမ်းအမှတ်အနေဖြင့် ဟော့ပေါ့လာစားမယ်ဆိုရင် မွေးနေ့ရှင်၏ မှတ်ပုံတင် (သို့) Facebook မှ Birthday Wish အခြားသော အထောက်အထားပြနိုင်ပါက မွေးနေ့ရှင်နှင့်အတူ မိတ်ဆွေ သူငယ်ချင်း မိသားစု အားလုံး 10% discount ခံစားခွင့်ရရှိမည်ဖြစ်သည်။ Order ကြိုတင်မှာထားသော မွေးနေ့ရှင်အတွက် မွေးနေ့လက်ဆောင် Cake တစ်လုံး စီစဉ်ပေးမည်ဖြစ်သည်။
HAPPY BIRTHDAY
HAPPY HOUR တနင်္လာနေ့မှ သောကြာနေ့အထိ
(နံနက် ၁၁ :၀၀ - ညနေ ၃:၀၀ နာရီ) အတွင်း
လူကြီး ၁ ဦး နှုန်း အဝစား ၇၀၀၀ ကျပ် ၊
ကလေး 3' 6" အောက် (အခမဲ့)၊
ကလေး 3' 6"မှ 4' 6"ထိ ၃၀၀၀ ကျပ်
✱ ညနေ ၃:၀၀ နာရီ နောက်ပိုင်းတွင် ပုံမှန်စျေးနှုန်း ၉၅၀၀ ကျပ် ✱
⇨ ပင်လယ်စာ သီးသန့် Menu ရရှိနိုင်သည်။
⇨ Hot Pot ချက်ပြုတ်၍လည်း ပါဆယ် ဝန်ဆောင်မှုပေးပါသည်။
သန့်ရှင်းလတ်ဆတ်သော အသား၊ငါး၊ဟင်းသီးဟင်းရွက်များကို ဘူဖေးစနစ်ဖြင့် တည်ခင်းထားပါသည်။